ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) ပြင်ဆင်ချက် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မူကြမ်း)

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| ၁။ | | **အခန်း (၁)**<br>**အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်** | **အခန်း (၁)**<br>**အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်** | **အခန်း (၁)**<br>**အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်** |
| | ၁ | ဤဥပဒေကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။ | ၁။ ဤနည်းဥပဒေများကို တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။ | ၁။ ဤနည်းဥပဒေများကို ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေဟု ခေါ်တွင်စေရမည်။ |
| ၂။ | ၂ | ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည် –<br>(က) ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်၊ အခြား ရေဂေဟစနစ်များ၊ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကို ဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှု နှင့် ဂေဟစနစ်များအကြား ကွဲပြားမှုလည်းပါဝင်သည်။<br>(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားလေ့ရှိသော သို့မဟုတ် နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး နှင့် အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။<br>(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝ အတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကို ဆိုသည်။ ယင်း စကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။<br>(ဃ) **သဘာဝထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့်ဒေသများကို အရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ ဤဥပဒေအရ သတ်မှတ်သည့် နယ်မြေကို ဆိုသည်။<br>(င) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ဤဥပဒေအရ သတ်မှတ်ထားသောနယ်မြေကို ဆိုသည်။<br>(စ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းတွင်ဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင် ဖြစ်စေ အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံ ထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ ထိန်း | ၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်းအဓိပ္ပာယ် သက် ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -<br>(က) ဥပဒေ ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကိုဆိုသည်။<br>(ခ) အမဲလိုက်ခြင်း ဆိုသည်မှာ နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်ကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းကိုဆိုသည်။ ယင်း စကားရပ်တွင် နေရင်းဒေသနှင့် သဘာဝနယ်မြေအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ တောရိုင်းတိရစ္ဆာန်ကို သယ်ဆောင်ခြင်းလည်း ပါဝင်သည်။<br>(ဂ) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည် တည်တံ့စေရန် ထုတ်ယူသုံးစွဲခြင်းနှင့် ထိခိုက်ခြင်း မရှိစေဘဲ နောင်လာနောင်သားများ အကျိုးကို ရည်ရွယ်၍ ထိန်းသိမ်းကာကွယ်ထားသောနယ်မြေကို ဆိုသည်။<br>(င) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝနယ်မြေအတွင်း အမာခံ ထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန် ကြားခံသတ်မှတ်အုပ်ချုပ်သော နယ်မြေဧရိယာကို ဆိုသည်။<br>(ဆ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိကို ဆိုသည်။ | ၂။ ဤနည်းဥပဒေတွင် ပါရှိသောစကားရပ်များသည် ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -<br>(က) **ဥပဒေ** ဆိုသည်မှာ ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေကို ဆိုသည်။<br>(ခ) **သဘာဝကျက်စားဒေသ** ဆိုသည်မှာ တိရစ္ဆာန်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လိုအပ်ချက်အားလုံးကို ထိုနေရာအတွင်းရရှိနိုင်ပြီး လှည့်လည်သွားလာ ကျက်စားနေထိုင်သော နေရာအကျယ်အဝန်းကို ဆိုသည်။<br>(ဂ) **ပိုင်နက်နယ်မြေ** ဆိုသည်မှာ **သဘာဝ**ကျက်စားဒေသ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မျိုးတူတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် တောရိုင်းတိရစ္ဆာန်များ မိမိပိုင်နက်အဖြစ် ကိုယ်ပိုင်အသိဖြင့် ကာကွယ်ထားသော နေရာကို ဆိုသည်။<br>(ဃ) **တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း** ဆိုသည်မှာ တရားမဝင် ကူးသန်းရောင်းဝယ်မှုမှ သိမ်းဆည်းရမိသည့် မျိုးစိတ်အရှင်များကို ပြုစုစောင့်ရှောက်နိုင်ရန် သစ်တောဦးစီးဌာနမှ တည်ထောင်ထားသည့် တောရိုင်း တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ဆိုသည်။<br>(င) **ဂေဟစနစ်ဝန်ဆောင်မှု** ဆိုသည်မှာ ဂေဟစနစ်များ ရှင်သန်လည်ပတ်ရာမှ ရရှိသည့် ပံ့ပိုးပေးခြင်း၊ အထောက်အကူပြုခြင်း၊ သန့်စင်ပေးခြင်း နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ ထိန်းသိမ်းခြင်း စသည့် ဝန်ဆောင်မှုများကို ဆိုသည်။<br>(စ) **ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ခြင်း** ဆိုသည်မှာ ဂေဟစနစ်များမှ ရရှိသည့် ဝန်ဆောင်မှုများအား စီးပွားရေးအကျိုးအလို့ငှာ အသုံးချသူ သို့မဟုတ် အဖွဲ့အစည်းများမှ စနစ်တကျတွက်ချက် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းခြင်း နှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်သူများအား သတ်မှတ်ထားသည့် အခကြေးငွေ ပေးအပ်ခြင်းကို ဆိုသည်။<br>(ဆ) **သဘာဝအခြေခံခရီးသွားလုပ်ငန်း** ဆိုသည်မှာ နေရာဒေသတစ်ခုရှိ သဘာဝပတ်ဝန်းကျင်၊ မိရိုးဖလာအလေ့အထများနှင့် ရိုးရာယဉ်ကျေးမှုများကို လေ့လာရန် နှင့် တန်ဖိုးထားရန် ခရီးသွားဧည့်သည်များကို ဆွဲဆောင်စေသည့် ခရီးသွားလုပ်ငန်းများကို ဆိုသည်။<br>(ဇ) **ဒေသခံ**ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ၅ မိုင်ပတ်လည်တွင် အနည်းဆုံး (၅) နှစ် ဆက်တိုက်နေထိုင်ခဲ့သူများကို ဆိုသည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | သိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်း နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြားခံအဖြစ် သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။<br>(ဆ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများ နှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ် ပြောင်းလဲနေသော သဘာဝဝန်းကျင်ကို ဆိုသည်။<br>(ဇ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွား ကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကို ဆိုသည်။<br>(ဈ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။<br>(ည) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုး ထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍ သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ် ကို ဆိုသည်။<br>(ဋ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်း ထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်။<br>(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကြီးကြပ်မှုကော်မတီကို ဆိုသည်။<br>(ဍ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည် ောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ် ကြီးကြပ်ရေး အဖွဲ့ကို ဆိုသည်။<br>(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။<br>(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။<br>(တ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။<br>(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။ | | (ဈ) **အစိုးရမဟုတ်သော ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၌ အသင်းအဖွဲ့မှတ်ပုံတင်ထားပြီး၊ နိုင်ငံအတွင်း ရုံးခန်းဖွင့်လှစ်၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများကို ဆိုသည်။<br>(ည) ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ် ဆိုသည်မှာ ကွန်ဗင်းရှင်း၏ အပိုဒ် (၆) “ပါမစ်နှင့်ထောက်ခံချက်များ” အရ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားသည့် ပုဂ္ဂိုလ်ကို ဆိုသည်။<br>(ဋ) ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ် ဆိုသည်မှာ ကွန်ဗင်းရှင်း၏ အပိုဒ် (၉) “စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ် နှင့် သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်” အရ သတ်မှတ်ထားသည့် မျိုးစိတ်များအလိုက် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်များကို ဆိုသည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | (ဒ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များ ကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သဘာဝထိန်းသိမ်းရေး နယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။<br>(ဓ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်။<br>(န) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိကို ဆိုသည်။<br>(ပ) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါးပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်း နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။<br>(ဖ) **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ကျရောက်မှု အခြေအနေမရှိသော်လည်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ခြိမ်းခြောက်ခံရသည့် အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းရန် အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်း နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။<br>(ဗ) **ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ကျရောက်နိုင်မှုအဆင့် သို့မဟုတ် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့် အဆင့်နည်းပါးပြီး အရေအတွက် ပေါများမှု ရှိနေခြင်း နှင့် သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှု ကောင်းမွန်ပြီး ပေါများစွာ တွေ့ရှိရခြင်းတို့ကြောင့် အမဲလိုက်ခွင့် ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှုကို ထိခိုက်မှုမရှိစေရန်ဖြစ်စေ အချိန်ကာလ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | သတ်မှတ်ကာကွယ် ထိန်းသိမ်းနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်း နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။<br>(ဘ) **အမဲလိုက်ခြင်း** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် အနာတရဖြစ်စေ၊ ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းလည်းပါဝင်သည်။<br>(မ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ မျိုးဆက် ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှု ဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။<br>(ယ) **မျိုးစိတ်နမူနာ** ဆိုသည်မှာ-<br>(၁) အရှင် ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် နှင့် အပင်များ၊<br>(၂) ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊<br>(၃) နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများ ဖြစ်နိုင်သည့် မည်သည့်အခြေအနေမျိုးမှ ဖြစ်စေ၊ တွဲဖက်ပါရှိလာသည့် စာရွက်စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။<br>**ရှင်းလင်းချက်။ နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များ** ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်းသုံးခုတွင် ပါရှိသည့် မျိုးစိတ်များကိုဆိုသည်။<br>(ရ) **နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ** ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့် အပင်များကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန် နှင့် အပင်များ၏ အစိတ်အပိုင်း၊ သွေးရည် နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။<br>**ရှင်းလင်းချက် ၁။ နိုင်ငံတကာကုန်သွယ်မှု** ဆိုသည်မှာ နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များကို | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တင်ပို့ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှ စတင် ထုတ်ယူခြင်းတို့ကို ဆိုသည်။<br>**ရှင်းလင်းချက် ၂။ ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း** ဆို သည်မှာ မည်သည့်နိုင်ငံ၏ အချုပ်အခြာ အာဏာသက်ရောက်မှု မရှိသည့် ပင်လယ်ပြင်မှ ထုတ်ယူသည့် မျိုးစိတ်တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာ နိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကိုဆိုသည်။ ဤစကားရပ်တွင် ပင်လယ်ပြင်အထက်ရှိ လေထု၊ ပင်လယ်ကြမ်းပြင် နှင့် ပင်လယ် ကြမ်းပြင် အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။ | | |
| ၃။ | ၃ | အခန်း (၂)<br>**ရည်ရွယ်ချက်များ**<br>ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –<br>(က) နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာ နှင့် မူဝါဒကို အကောင်အထည်ဖော်ရန်၊<br>(ခ) နိုင်ငံတော်၏ သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊<br>(ဂ) တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ နှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊<br>(ဃ) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှတစ်ဆင့် ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊<br>(င) ဘူမိရုပ်သွင်ထူးခြားသည့်နေရာဒေသများ၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊<br>(စ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေးရေး လုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊<br>(ဆ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။ | | |
| | | | | |

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| ၄။ | ၄ | အခန်း (၃)<br>**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**<br>အစိုးရအဖွဲ့သည် -<br>(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီ ကို ဖွဲ့စည်းရမည်။<br>(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | | အခန်း (၂)<br>**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**<br>၃။ အစိုးရအဖွဲ့သည်-<br>(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်-<br>(၁) ဥက္ကဋ္ဌ - ပြည်ထောင်စုဝန်ကြီး၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>(၂) အဖွဲ့ဝင် - ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ<br>(၃) အဖွဲ့ဝင် - ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ် (၂) ဦး၊<br>(၄) အဖွဲ့ဝင် - အစိုးရမဟုတ်သောထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၃) ဦး<br>(၅) အတွင်းရေးမှူး - ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန<br>(ခ) လိုအပ်လျှင် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။<br>၄။ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များသည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ်အဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုကို အထောက်အကူပြု ကော်မတီများ ဖွဲ့စည်းနိုင်သည်။<br>၅။ ယခင်ဖွဲ့စည်းပြီးဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ်အဆင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုကို အထောက်အကူပြုကော်မတီများကို ဤနည်းဥပဒေအရ ဖွဲ့စည်းသည့် ကော်မတီများဟု မှတ်ယူရမည်။ |
| ၅။ | ၅ | နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။ | | |
| ၆။ | ၆ | ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –<br>(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊<br>(ခ) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာ နှင့် မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊<br>(ဂ) အစိုးရက သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန် အကြံပြု တင်ပြခြင်း၊<br>(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရေး နှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒ ဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေး | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | ခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း၊<br>(င) ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊<br>(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊<br>(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊<br>(ဇ) ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊<br>(ဈ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် စိစစ်ဆုံးဖြတ်ခြင်း။ | | |
| ၇။ | ၇ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုရေးတို့နှင့်စပ်လျဉ်းသည့် ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။ | | |
| ၈။ | ၈ | အခန်း (၄)<br>**သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း**<br>သဘာဝထိန်းသိမ်းရေးနယ်မြေအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် -<br>(က) သိပ္ပံကြိုးဝိုင်း၊<br>(ခ) အမျိုးသားဥယျာဉ်၊<br>(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊<br>(ဃ) သဘာဝကြိုးဝိုင်း၊<br>(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊<br>(စ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေ၊<br>(ဆ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ။ | အခန်း(၂)<br>**သဘာဝနယ်မြေသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း** | အခန်း(၃)<br>**သဘာဝထိန်းသိမ်းရေးများနယ်မြေသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း**<br>၆။ သဘာဝထိန်းသိမ်းရေးနယ်မြေအမျိုးအစားအလိုက် သတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-<br>(က) သိပ္ပံကြိုးဝိုင်း<br>ထူးခြားသည့် ဂေဟစနစ်များ၊ ဘူမိရုပ်သွင် နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရှိပြီး၊ သိပ္ပံဆိုင်ရာ လေ့လာမှုများ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ထားရန် လိုအပ်သည့် နယ်မြေကို သိပ္ပံကြိုးဝိုင်းအဖြစ်သတ်မှတ်နိုင်သည်။<br>(ခ) အမျိုးသားဥယျာဉ်<br>ဂေဟစနစ်များ၊ တောအမျိုးအစားများ နှင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်ပြီး နယ်မြေ ကျယ်ပြန့်ကာ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့နှင့်အညီ သိပ္ပံဆိုင်ရာ လေ့လာခြင်း၊ ပညာပေးခြင်း၊ မိရိုးဖလာယုံကြည်ကိုးကွယ်ခြင်း၊ အပန်းဖြေခြင်း နှင့် ခရီးသွားလုပ်ငန်း အခွင့်အလမ်းများ စသည်တို့ကို ပံ့ပိုးပေးသည့် နယ်မြေကို အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်သည်။<br>(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်<br>အဏ္ဏဝါ ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ စုံလင်ပြီး နယ်မြေ ကျယ်ပြန့်ကာ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုတို့နှင့်အညီ သိပ္ပံဆိုင်ရာလေ့လာခြင်း၊ ပညာပေးခြင်း၊ မိရိုးဖလာယုံကြည်ကိုးကွယ်ခြင်း၊ အပန်းဖြေခြင်း နှင့် ခရီးသွား လုပ်ငန်း အခွင့်အလမ်းများ စသည်တို့ကို ပံ့ပိုးပေးသည့် အဏ္ဏဝါရေပြင် နှင့် ကျွန်းစု |

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | များကို အဏ္ဏဝါ အမျိုးသား ဥယျာဉ်အဖြစ် သတ်မှတ်နိုင်သည်။<br>(ဃ) သဘာဝကြိုးဝိုင်း<br>အရေးပါသည့် ဂေဟာစနစ်များရှိပြီး ယင်းတို့မှရရှိသည့် ဂေဟာစနစ်ဝန်ဆောင်မှုများကို ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် ထိန်းသိမ်းကာကွယ်ရမည့် နယ်မြေကို သဘာဝကြိုးဝိုင်းအဖြစ် သတ်မှတ်နိုင်သည်။<br>(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော<br>ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ ကျက်စားသည့် နယ်မြေများ နှင့် ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသော ငှက်မျိုးစိတ်များ နားခိုကျက်စားသည့် ရေဝပ်ဒေသများကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်နိုင်သည်။<br>(စ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေ<br>ထူးခြားလှပသည့် သဘာဝအနေအထားများ၊ ဘူမိရုပ်သွင်များနှင့် ထင်ရှားသည့် ယဉ်ကျေးမှု နှင့် ဘာသာရေးအမွေအနှစ်များရှိသည့် နယ်မြေအား ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေအဖြစ် သတ်မှတ်နိုင်သည်။<br>(ဆ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ<br>မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုအရဖြစ်စေ၊ သယံဇာတများအား ရေရှည်တည်တံ့စွာ အသုံးပြုရေးအတွက်ဖြစ်စေ ဒေသခံများ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်အသုံးပြုသည့် နယ်မြေကို ဥပဒေအရ အကာအကွယ် ပေးနိုင်ရန် ဒေသခံများ၏ တင်ပြတောင်းဆိုမှုဖြင့် ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်နိုင်သည်။ |
| ၉။ | ၉ | ဝန်ကြီးဌာနသည် -<br>(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍<br>(၁) သဘာဝထိန်းသိမ်းရေးနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်။<br>(၂) တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။<br>(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ပုဒ်မခွဲ(က)အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲဥပဒေမနှင့်အညီ မြေ | ၃။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ)အရ မည်သည့်ဒေသတွင်မဆို ဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်ပါက သဘာဝနယ်မြေတစ်ခုခုကို သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုခုကို တည်ထောင်ရန်ဖြစ်စေ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြိုတင်ကြေညာရမည်။ ထိုသို့ကြေညာရာတွင် အောက်ပါအချက်များ ပါဝင်ရမည် -<br>(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊<br>(ခ) သဘာဝနယ်မြေအမျိုးအစား၊<br>(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၊<br>(ဃ) နည်းဥပဒေ ၄ ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ၊<br>(င) ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။<br>၄။ ဝန်ကြီးသည် သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင် တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ တားမြစ်ချက်များ ထည့်သွင်းဖော်ပြနိုင်သည် - | ၇။ ဝန်ကြီးဌာနသည် မည်သည့်ဒေသတွင်မဆို သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုခုကို သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုခုကို တည်ထောင်ရန်ဖြစ်စေ ရည်ရွယ်ကြောင်း ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)အရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြိုတင်ကြေညာရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-<br>(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊<br>(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေအမျိုးအစား၊<br>(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၊<br>(ဃ) နည်းဥပဒေ ၈ ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ၊<br>(င) ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။<br>၈။ ဝန်ကြီးဌာနသည် သဘာဝထိန်းသိမ်းရေးနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြေညာသည့်နေ့မှစ၍ ထိုနေ့တွင် တည်ရှိသော အခွင့်အရေးများမှအပ အောက်ပါကိစ္စတစ်ခုခုအပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို ထိခိုက်စေမည့် ဆောင်ရွက်ချက်များကို မပြုလုပ်ရန် တားမြစ်ချက်များ ထည့်သွင်းဖော်ပြနိုင်သည် -<br>(က) အဆောက်အအုံ အသစ် ဆောက်လုပ်ခြင်း၊ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | သိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ် တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်။<br>(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန် နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။ | (က) အဆောက်အအုံ အသစ် ဆောက်လုပ်ခြင်း၊<br>(ခ) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနာတရ ဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း နှင့် သဘာဝအပင် နှင့် သစ်တော ထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊<br>(ဂ) မြေတူးခြင်း၊ မြေရှင်းလင်းခြင်း၊<br>(ဃ) သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊<br>(င) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊<br>(စ) မီးရှို့ခြင်း၊<br>(ဆ) ငါးဖမ်းခြင်း၊<br>(ဇ) အမဲလိုက်ခြင်း၊<br>(ဈ) ရေထု၊ လေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ် စေသော ပစ္စည်းကိုဖြစ်စေ၊ ဓါတ်သတ္တုအညစ်အကြေးများကို ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။<br>၅။ ဝန်ကြီးသည် နည်းဥပဒေ ၃ အရ ထုတ်ပြန်ထားသော သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်းကို အများပြည်သူ သိရှိစေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။<br>၆။ ဝန်ကြီးသည် သတ်မှတ်တည်ထောင်မည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ရှိရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်ရေးထိခိုက် နစ်နာမှုများကို စုံစမ်းစစ်ဆေးရန် နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င)အရ ပဏာမစိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များ ဖြင့် ဖွဲ့စည်း၍ တာဝန်ပေးရမည်။<br>၇။(က) နည်းဥပဒေ ၃ အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင် ကြေညာသည့် နယ်မြေဒေသရှိ အများပြည်သူတို့သည် မိမိတို့၏ အခွင့်အရေးများကို ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြ တောင်းခံနိုင်သည်။<br>၇။(ခ) နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှုတစ်စုံတစ်ရာမရှိလျှင် အများပြည်သူတို့၏ | (ခ) တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနာတရ ဖြစ်စေခြင်း၊ တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း နှင့် သဘာဝအပင် နှင့် သစ်တောထွက်ပစ္စည်းများ ဖျက်ဆီးခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊<br>(ဂ) မြေတူးခြင်း၊ မြေရှင်းလင်းခြင်း၊<br>(ဃ) သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊<br>(င) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊<br>(စ) မီးရှို့ခြင်း၊<br>(ဆ) ငါးဖမ်းခြင်း၊<br>(ဇ) အမဲလိုက်ခြင်း၊<br>(ဈ) ရေထု၊ လေထု ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓါတ်သတ္တုအညစ်အကြေးများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။<br>၉။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၇ အရ ထုတ်ပြန်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန် သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းကြောင်းကို အများပြည်သူ သိရှိစေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။<br>၁၀။ နည်းဥပဒေ ၇ အရ ထုတ်ပြန်သော ကြိုတင်ကြေညာချက်နှင့်စပ်လျဉ်း၍ အများပြည်သူတို့၏ အခွင့်ရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရန် နှင့် နယ်မြေသတ်မှတ်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည်-<br>(က) ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င)နှင့်အညီ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။<br>(ခ) ပဏာမ စိစစ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း (Standard Operating Procedures - SOP) ကို ထုတ်ပြန်ပေးရမည်။<br>၁၁။ (က) နည်းဥပဒေ ၇ အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာသည့် ကာလအတွင်း ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (င) အရ ဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့သည် ရည်ရွယ်သည့် နယ်မြေဒေသတွင် နေထိုင်သည့် ဒေသခံပြည်သူများနှင့် လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (Free Prior and Informed Consent) ကို ဆောင်ရွက်ရမည်။ ဒေသခံပြည်သူများသည် မိမိတို့၏ သစ်တောသယံဇာတ နှင့် မြေအသုံးချမှုဆိုင်ရာ အခွင့်အရေးများ ထိခိုက်နစ်နာမှုရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ပဏာမစိစစ်ရေးအဖွဲ့သို့ ကြိုတင်ကြေညာသည့်နေ့မှ ရက်ပေါင်း ၁၅၀ အတွင်း တင်ပြ တောင်းဆိုနိုင်သည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | အခွင့်အရေး ထိခိုက်နစ်နာမှု မရှိဟု မှတ်ယူရမည်။<br>၇။(ဂ) ပဏာမစိစစ်ရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရာ၌ တရားမကျင့်ထုံးဥပဒေအရ လိုအပ်သော သက်သေများ ဆင့်ခေါ်ခြင်း နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်းပြုနိုင်သည်။<br>၇။(ဃ) ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှုများရှိခဲ့လျှင် ယင်းတို့ကို စုံစမ်းစစ်ဆေး၍ တောင်းဆိုချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းကို ထိခိုက်စေခြင်း ရှိ၊မရှိ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ပေးသည့် ကာလအတွင်း တင်ပြရမည်။<br>၈။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ဃ)အရ ပဏာမစိစစ်ရေးအဖွဲ့က တင်ပြသော အစီရင်ခံစာကို စိစစ်ပြီး ဥပဒေပုဒ်မ ၈ အရ သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးထံ တင်ပြရမည်။<br>၁၀။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈ အရ သဘာဝနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရာတွင်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ရာတွင် လည်းကောင်း -<br>(က) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက တည်ဆဲမြေ သိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးနှင့် မြေသိမ်းယူပြီးနောက် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်နိုင်ရန် လွှဲပြောင်းရယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>၁၁။ ဝန်ကြီးသည် ဥပဒေပုဒ်မ ၈ အရ တင်ပြချက်အပေါ် စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်တည်ထောင်ရန် ကြိုတင်ကြေညာထားသော သဘာဝနယ်မြေများကိုလည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များကိုလည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်း သို့မဟုတ် တည်ထောင်ခြင်းပြုနိုင်သည်။<br>၂၄။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် | ၁၁။ (ခ) နည်းဥပဒေခွဲ ၁၁(က)အရ သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြတောင်းဆိုမှု တစ်စုံတစ်ရာမရှိလျှင် အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှု မရှိဟု မှတ်ယူရမည်။<br>၁၁။ (ဂ) ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ တင်ပြတောင်းဆိုချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာ၌ တရားမကျင့်ထုံး ဥပဒေအရ လိုအပ်သော သက်သေများကို ဆင့်ခေါ်ခြင်း နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်းပြုနိုင်သည်။<br>၁၁။ (ဃ) ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က)အရ တင်ပြတောင်းဆိုချက်နှင့်စပ်လျဉ်း၍ ကွင်းဆင်းလေ့လာခြင်း နှင့် ဒေသခံများပါဝင်သော မြေအသုံးချမှု မြေပုံရေးဆွဲ ဆန်းစစ်ခြင်းတို့ ပြုလုပ်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ တောင်းဆိုချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဇီဝမျိုးစုံမျိုးကွဲများနှင့် ယင်းတို့၏ ကျက်စားဒေသများအား ထိန်းသိမ်းခြင်းကို ထိခိုက်စေခြင်း ရှိ၊မရှိ စိစစ်ပြီး စုံစမ်းစစ်ဆေးချက်အစီရင်ခံစာကို အဖွဲ့သဘောထားမှတ်ချက်နှင့်အတူ သတ်မှတ်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။<br>၁၁။ (င) ပဏာမစိစစ်ရေးအဖွဲ့သည် သဘောထားမှတ်ချက်ပြုရာတွင် တောင်းဆိုချက်ပါ မြေတွင် တစ်သီးတခြားတစ်ဦးတည်း နေထိုင်စိုက်ပျိုးလုပ်ကိုင်ခြင်း သို့မဟုတ် ဒေသခံအများအပြား တစ်ဆက်တစ်စပ်တည်း နေထိုင်စိုက်ပျိုးလုပ်ကိုင်ခြင်းကို စိစစ်ခွဲခြား၍ အောက်ပါနည်းလမ်းတစ်ရပ်ရပ်အနက် မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက်ပြုနိုင်သည်-<br>(၁) မြေကို ဆိုင်ရာဆိုင်ခွင့်ပေးရန်၊<br>(၂) လျော်ကြေးပေး၍ မြေမှ ထွက်ခွာစေရန်၊<br>(၃) နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ချန်လှပ်မြေအဖြစ် ထားရှိရန်။<br>၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ပဏာမ စိစစ်ရေးအဖွဲ့က တင်ပြသော အစီရင်ခံစာကို စိစစ်ပြီး ဥပဒေပုဒ်မ ၉ အရ သဘာဝထိန်းသိမ်းရေးနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနထံ ဆက်လက်တင်ပြရမည်။<br>၁၃။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၉ အရ သဘာဝထိန်းသိမ်းရေးနယ်မြေကို အမျိုးအစားအလိုက် သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒ ဥယျာဉ်ကို တည်ထောင်ရန်ဖြစ်စေ -<br>(က) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက တည်ဆဲမြေ သိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးနှင့် မြေသိမ်းယူပြီးနောက် ဥပဒေပုဒ်မ ၉ အရ သတ်မှတ် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သင့်လျော်သည့် သစ်တောအရာရှိ တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။<br>၂၅။ အုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -<br>(က) နေ့စဉ်စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊<br>(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(ဂ) သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များ အတွင်းရှိ သဘာဝအပင် နှင့် တောရိုင်းတိရစ္ဆာန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာဖော်ထုတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊<br>(ဃ) သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို အနီးဝန်းကျင်ရှိ ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်း ပါဝင်ဆောင်ရွက်လာစေခြင်း၊<br>(င) သဘာဝနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခ နှင့် အခြားပဋိပက္ခများ ကြုံတွေ့လာ ပါ က အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊<br>(ဆ) သဘာဝနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံဆောင်ရွက်ခြင်း၊<br>၂၆။(က)ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေးရတနာပုံဥယျာဉ်နှင့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို ဤနည်းဥပဒေများအရ သတ်မှတ်တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များဖြစ်သည်ဟု မှတ်ယူရမည်။<br>(ခ) ကချင်ပြည်နယ်ရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ စစ်ကိုင်းတိုင်းရှိ အလောင်းတော်ကဿပအမျိုးသားဥယျာဉ် နှင့် တနင်္သာရီတိုင်းရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ကို ဤနည်းဥပဒေများအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားသည့် အမျိုးသားဥယျာဉ်များ နှင့် အဏ္ဏဝါအမျိုးသားဥယျာဉ် ဖြစ်သည်ဟု မှတ်ယူရမည်။ | တည်ထောင်နိုင်ရန် လွှဲပြောင်းရယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။<br>၁၄။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၂ အရ တင်ပြချက်ကို စိစစ်ပြီး ဆုံးဖြတ်ချက်အား အစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူညီချက်ရယူပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများကို သတ်မှတ်ဖွဲ့စည်းရန် နှင့် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။<br>၁၅။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သင့်လျော်သည့် သစ်တောအရာရှိတစ်ဦးဦးအား အုပ်ချုပ်ရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်။<br>၁၆။ သစ်တောဦးစီးဌာနသည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်သည့်နေ့မှစ၍ (၂) နှစ်အတွင်း ထိန်းသိမ်းကာကွယ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အရေးပါမှုအလိုက် အုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများ တာဝန်ချထားခြင်း၊ နယ်နိမိတ်ဘုတ်တိုင် နှင့် အမှတ်အသားများ ပြုလုပ်ခြင်း၊ အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်။<br>၁၇။ အုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ သတ်မှတ် တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -<br>(က) နေ့စဉ်စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊<br>(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်များ အတွင်းရှိ သဘာဝအပင် နှင့် တောရိုင်းတိရစ္ဆာန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာဖော်ထုတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊<br>(ဃ) သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို အနီးဝန်းကျင်ရှိ ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်း ပါဝင်ဆောင် ရွက်လာစေခြင်း၊<br>(င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခ နှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊<br>(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊<br>၁၈။(က)လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်များ နှင့် ရုက္ခဗေဒဥယျာဉ်များကို ဤနည်းဥပဒေများအရ သတ်မှတ် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်များ နှင့် ရုက္ခဗေဒဥယျာဉ်များ ဖြစ်သည်ဟု မှတ်ယူရမည်။<br>၁၈။(ခ) သတ်မှတ်ဖွဲ့စည်းပြီးဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဤနည်းဥပဒေများအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖြစ်သည် ဟု မှတ်ယူရမည်။<br>၁၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ သတ်မှတ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများအနက် ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများကို စီမံအုပ်ချုပ်ရန် ဒေသခံများပါဝင်သည့် စီမံအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။<br>၁၉။ (ခ) ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်ရေးအဖွဲ့ကို ဒေသခံများမှ ရွေးချယ်သည့် (၁၀) ဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။ ယင်းတို့အနက် သင့်လျော်သူများကို ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။<br>၁၉။ (ဂ) ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေ စီမံအုပ်ချုပ်ရေးအဖွဲ့အား ဆက်စပ်ဌာနဆိုင်ရာများ၏ အကူအညီကို ရယူ၍ ကြီးကြပ်ရမည်။<br>၁၉။ (ဃ) ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ ဒေသအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေကို ရေရှည်တည်တံ့စေသည့် နည်းလမ်းများနှင့် ဒေသနှင့်လျော်ညီသော စည်းမျဉ်းစည်းကမ်းများအား ချမှတ်၍ စီမံအုပ်ချုပ်နိုင်သည်။ |
| ၁၀။ | ၁၀ | ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -<br>(က) ပုဒ်မ ၉ အရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ တစ်ခု၏ ဧရိယာတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမျိုးအစား ပြောင်းလဲ သတ်မှတ်ခြင်း ပြုနိုင်သည်။<br>( ခ) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ | ၁၆။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -<br>(က) သတ်မှတ်ထားသည့် သဘာဝနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က)အရ ပြင်ဆင်ခြင်း၊ အမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။<br>( ခ) တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ)အရ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။<br>၁၇။ဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက သဘာဝနယ်မြေ သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ်တည်ထောင်စဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ အခွင့်အရေးများကို ပြန်လည်ရပိုင်ခွင့် မရှိစေရ။ | ၂၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -<br>(က) သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ ပြင်ဆင်ခြင်း၊ အမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။<br>( ခ) တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ)အရ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။<br>၂၁။ဥပဒေပုဒ်မ ၁၀ အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သဘာဝထိန်းသိမ်းရေးနယ်မြေ သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ် တည်ထောင်စဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ အခွင့်အရေးများကို ပြန်လည် ရပိုင်ခွင့် မရှိစေရ။ |
| ၁၁။ | ၁၁ | **ဝန်ကြီးဌာန**သည် -<br>(က) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ဒေသ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | ခံပြည်သူများပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။<br>( ခ ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ | | |
| ၁၂။ | ၁၂ | ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၉ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။ | ၉။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်မည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများရှိကြောင်း တင်ပြချက်အပေါ် စိစစ်ပြီး ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -<br>(က) သင့်လျော်သော အခွင့်အရေးများ နှင့် အကျိုးခံစားခွင့်များကို ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။<br>( ခ ) အဆိုပြု သဘာဝနယ်မြေနယ်နိမိတ်အတွင်း မိရိုးဖလာလုပ်ကိုင်ခွင့်ရှိသည့် အခွင့်အရေးများအတွက် ကြားခံနယ်မြေ သတ်မှတ်၍ ကြားခံနယ်မြေအတွင်းတွင် ခွင့်ပြုပေးနိုင်သည်။ ထိုအခွင့်အရေးများကို မှတ်တမ်းတင်ထား ရှိရမည်။<br>၁၅။ နည်းဥပဒေ ၁၁ အရ သဘာဝနယ်မြေသတ်မှတ်ကြောင်း သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်တည်ထောင်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် ယင်းအမိန့် ကြော်ငြာစာအရ -<br>(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှတပါး ကျန်အခွင့်အရေးများကို ခံစားခွင့်မရှိစေရ။<br>( ခ ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၅ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါ အခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | ၂၂။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများ ရှိကြောင်း တင်ပြချက်အပေါ် စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -<br>(က) သင့်လျော်သော အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များကို ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။<br>( ခ ) အဆိုပြု သဘာဝထိန်းသိမ်းရေးနယ်မြေ နယ်နိမိတ်အတွင်း မိရိုးဖလာလုပ်ကိုင်ခွင့်ရှိသည့် အခွင့်အရေးများအတွက် ကြားခံနယ်မြေသတ်မှတ်၍ ကြားခံနယ်မြေအတွင်းတွင် ခွင့်ပြုပေးနိုင်သည်။ ထိုအခွင့်အရေးများကို မှတ်တမ်းတင်ထား ရှိရမည်။<br>(ဂ) အဆိုပြု သဘာဝထိန်းသိမ်းရေးနယ်မြေနယ်နိမိတ်အတွင်း ဒေသခံများမှ မိရိုးဖလာအရ ထိန်းသိမ်းထားသည့် နေရာများ နှင့် သယံဇာတ ထုတ်ယူအသုံးပြုသည့် နေရာများဖြစ်သည့် တောင်၊ ကျောက်ဆောင်၊ ငါးအိုင့်၊ ဆားကျင်း၊ ရေထွက်နှင့် ဆေးဘက်ဝင်အပင်များပေါက်သည့်နေရာစသည်တို့ကို ဒေသခံများ၏ တောင်းဆိုမှုဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ကြားခံနယ်မြေအဖြစ် သတ်မှတ်၍ ဒေသခံများ ထိန်းသိမ်း ကာကွယ်မှုဖြင့် သယံဇာတများအား စနစ်တကျ ထုတ်ယူသုံးစွဲရန် နှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင် ဧရိယာအဖြစ်ဖြင့် စီမံအုပ်ချုပ်ရန် မိရိုးဖလာအရ ထိန်းသိမ်းကာကွယ်မှု နှင့် အသုံးပြုမှုကို အသိအမှတ်ပြု ခွင့်ပြုပေးနိုင်သည်။ ထိုအခွင့်အရေးများကို မှတ်တမ်းတင်ထားရှိရမည်။<br>၂၃။ နည်းဥပဒေ ၁၄ အရ သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ကြောင်း သို့မဟုတ် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးလျှင်-<br>(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှတပါး ကျန်အခွင့်အရေးများကို ခံစားခွင့်မရှိစေရ။<br>( ခ ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း ၅ နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါ အခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။<br>(ဂ) ဆိုင်ရာဆိုင်ခွင့်အား မူလရရှိသည့် ပုဂ္ဂိုလ်မှ တိုက်ရိုက်ဆင်းသက်သည့် မိသားစုဝင်များက ဆက်လက်ခံစားနိုင်သည်။ ဆိုင်ရာဆိုင်ရာခွင့်ပေးထားသည့် ဧရိယာတွင် ခွင့်ပြုချက်ကို ကျော်လွန်၍ အခြားမြေအသုံးချမှု တစ်ရပ်ရပ်ကို ပြုလုပ်ပါက မူလက ပေးထားသည့် ဆိုင်ရာဆိုင်ခွင့်ကို ရုတ်သိမ်း၍ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အခြားမြေအသုံးချမှု ပြုလုပ်သည့်အတွက် တရားဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်။ |
| ၁၃။ | ၁၃ | ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် - | ၁၂။ ညွှန်ကြားရေးမှူးချုပ်သည် - | ၂၄။ ညွှန်ကြားရေးမှူးချုပ်သည် - |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | (က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်း နှင့် အပန်းဖြေခြင်းတို့ကို နယ်မြေသတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်။<br>(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန် နှင့် ထိခိုက်နှောက်ယှက်မှုများ မရှိစေရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။<br>(ဂ) တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များကို ပြည်ပနိုင်ငံများရှိ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များနှင့် လဲလှယ် ခြင်း သို့မဟုတ် လက်ခံရယူခြင်း ပြုလုပ်နိုင်သည်။<br>(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ ဂေဟစနစ်အတွင်းမှ ရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေ ပေးဆောင်စေခြင်းစနစ်ကို သတ်မှတ်နိုင်သည်။<br>(င) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာ ဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ခွင့်ပြုနိုင်သည်။<br>(စ) သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေး နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ သတ်မှတ်ကောက်ခံရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။<br>(ဆ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေး နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေး နယ်မြေအား ထိခိုက်မှု မရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အတွင်းတွင် ကြားခံနယ်မြေ သတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူအစု အဖွဲ့ပိုင်သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်း နှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဇရိယာအား စီမံအုပ်ချုပ်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်။<br>(ဇ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ | (က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သဘာဝနယ်မြေအတွင်း လုံးဝတားမြစ်ထားသောဒေသမှအပ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်း နှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။<br>(ခ) ဥပဒေပုဒ်မ ၈ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း အများပြည်သူကြည့်ရှုလေ့လာခြင်း နှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။<br>၁၃။ အများပြည်သူတို့သည် သတ်မှတ်ထားသော သဘာဝနယ်မြေတွင်လည်းကောင်း၊ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတွင်လည်းကောင်း နည်းဥပဒေ ၁၂ အရ ခွင့်ပြုထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။<br>၁၄။ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ)အရ သဘာဝနယ်မြေအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောက်ယှက်မှုများ မရှိစေရန် အောက်ပါအစီအမံများ ချမှတ်ဆောင်ရွက်ရမည် -<br>(က) ကြားခံနယ်မြေအတွင်း လိုအပ်ပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် သို့မဟုတ် သီးနှံသစ်တောရောနှော စိုက်ပျိုးလုပ်ကိုင်ခွင့် ပြုခြင်း၊<br>(ခ) ကြားခံနယ်မြေ သတ်မှတ်ပေးခဲ့ခြင်းမရှိသည့် သဘာဝနယ်မြေများ၏ နယ်နိမိတ်အစပ်တွင်လည်းကောင်း အတွင်းတွင်လည်းကောင်း၊ လိုအပ်ပါက ကြားခံနယ်မြေသတ်မှတ်၍ ယင်းကြားခံနယ်မြေမှ သစ်တောထွက် ပစ္စည်းများကို စည်းကမ်းချက်များ သတ်မှတ်၍ အကန့်အသတ်ဖြင့် ထုတ်ယူ သုံးစွဲခွင့်ပြုခြင်း၊<br>(ဂ) သဘာဝနယ်မြေများ ပျက်စီးမှုမရှိစေရန် ဒေသခံပြည်သူများအား ပညာပေး စည်းရုံးခြင်း၊<br>(ဃ) ဒေသခံပြည်သူများအား ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် နည်းပညာအကူအညီများ ပေးခြင်း၊<br>(င) သဘာဝနယ်မြေနှင့်ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် မည်သည့်တိရစ္ဆာန်ကိုမဆို မွေးမြူသူများအား သဘာဝနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရော ယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း။<br>၁၈။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ပြည်တွင်းမှ တောရိုင်း | (က) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေ အတွင်း လုံးဝတားမြစ်ထားသော ဒေသမှအပ သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်း တို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။<br>(ခ) ဥပဒေပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း အများပြည်သူကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင် သည်။<br>၂၅။ အများပြည်သူတို့သည် သတ်မှတ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေတွင်လည်းကောင်း၊ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတွင်လည်းကောင်း နည်းဥပဒေ ၂၄ အရ ခွင့်ပြုထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။<br>၂၆။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မ ကျရောက်စေရန် နှင့် ထိခိုက်နှောက်ယှက်မှုများ မရှိစေရန် အောက်ပါ အစီအမံများ နှင့် လိုအပ်ပါက အခြားအစီအမံများ ချမှတ်ဆောင်ရွက်ရမည် -<br>(က) ကြားခံနယ်မြေအတွင်း လိုအပ်ပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် သို့မဟုတ် သီးနှံသစ်တောရောနှော စိုက်ပျိုး လုပ်ကိုင်ခွင့်၊ ဒေသခံအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်ခွင့် နှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဇရိယာဖြင့် စီမံအုပ်ချုပ်ခြင်း ဆောင်ရွက်ခွင့်၊ သစ်တောထွက်ပစ္စည်းများကို အကန့်အသတ်ဖြင့် ထုတ်ယူ သုံးစွဲခွင့်ပြုခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုပေးခြင်း၊<br>(ခ) ကြားခံနယ်မြေ သတ်မှတ်ပေးခဲ့ခြင်းမရှိသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ နယ်နိမိတ်အစပ်တွင်လည်းကောင်း၊ အတွင်းတွင်လည်းကောင်း လိုအပ်ပါက ကြားခံနယ်မြေသတ်မှတ်ခြင်း၊<br>(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေများ ပျက်စီးမှုမရှိစေရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ဒေသခံပြည်သူများအား ပညာပေး စည်းရုံးခြင်း၊ ကြားခံနယ်မြေအတွင်း ဥပဒေအရ ထိန်းသိမ်းကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များရှိပါက တည်ဆဲဥပဒေများကို သိရှိလိုက်နာရန် အသိပညာပေးခြင်း၊ စည်းရုံးခြင်း၊<br>(ဃ) ဒေသခံပြည်သူများအား ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် နည်းပညာအကူအညီများ ပေးခြင်း၊<br>(င) သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ဒေသအတွင်း လိုအပ်လျှင် မည်သည့်တိရစ္ဆာန်ကိုမဆို မွေးမြူသူများအား သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရောဂါကူးစက်ခြင်းနှင့် မျိုးရိုးဗီဇ ရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊မရှိ စောင့်ကြည့်စစ်ဆေးခြင်း နှင့် လိုအပ်ပါက နည်းပညာပံ့ပိုးခြင်း။<br>၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် မြန်မာနိုင် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | တိရစ္ဆာန် နှင့် သဘာဝအပင်များကို ပြည်ပသို့ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ထုတ်ယူခြင်း၊ သယ်ဆောင်ခြင်းနှင့် လက်ဝယ်ထားခြင်းကိုလည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အဖွဲ့အစည်းများနှင့် အလဲအလှယ်ပြုလုပ်ခြင်းကိုလည်းကောင်း၊ စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။<br>၁၉။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၁၈ အရ စည်းကမ်းချက်များ သတ်မှတ်ခြင်း မပြုမီ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံနှင့် စည်းကမ်း သတ်မှတ်ရေးအတွက် ကြိုတင်ညှိနှိုင်းရမည်။<br>၂၀။ နည်းဥပဒေ ၁၈ အရ ခွင့်ပြုချက်ရရှိသူသည် -<br>(က) သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နေစဉ် သို့မဟုတ် မျိုးရိုးဗီဇထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်နေစဉ် သစ်တောဦးစီးဌာနမှ ပုဂ္ဂိုလ်များအား ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့် ပြုရမည်။<br>(ခ) ထွက်ပေါ်လာမည့် သိပ္ပံဆိုင်ရာသုတေသနတွေ့ရှိချက်များကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သစ်တောဦးစီးဌာနသို့ ခွဲဝေ ပေးရမည်။<br>(ဂ) သိပ္ပံဆိုင်ရာသုတေသနတွေ့ရှိချက်များကို အသုံးပြု၍ စီးပွားဖြစ် ထုတ်လုပ်လျှင် ယင်းထုတ်လုပ်မှုမှ ရရှိသည့် အကျိုးမြတ်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသည့် အချိုးအစားအရ ခွဲဝေပေးရမည်။<br>၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၈ အရ တည်ထောင်ထားသော တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒဥယျာဉ်၌ ပြသရန် လိုအပ်သည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို လဲလှယ်ရေး အစီအစဉ်အရဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စုဆောင်းနိုင်သည်။ | ငံက လက်ခံထားသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့်ဆက်စပ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ပြည်တွင်းမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပြည်ပသို့ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ထုတ်ယူခြင်း၊ သယ်ဆောင်ခြင်းနှင့် လက်ဝယ်ထားခြင်းကိုလည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အဖွဲ့အစည်းများနှင့် အလဲအလှယ်ပြုလုပ်ခြင်းကိုလည်းကောင်း၊ စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။<br>၂၈။ ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေ ၂၇ အရ စည်းကမ်းချက်များ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် နိုင်ငံနှင့် စည်းကမ်းသတ်မှတ်ရေးအတွက် ကြိုတင်ညှိနှိုင်းရမည်။<br>၂၉။ နည်းဥပဒေ ၂၇ အရ ခွင့်ပြုချက်ရရှိသူသည် -<br>(က) သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နေစဉ် သို့မဟုတ် မျိုးရိုးဗီဇထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်နေစဉ် သစ်တောဦးစီးဌာနမှ ပုဂ္ဂိုလ်များအား ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့် ပြုရမည်။<br>(ခ) ထွက်ပေါ်လာမည့် သိပ္ပံဆိုင်ရာသုတေသနတွေ့ရှိချက်များကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း သစ်တောဦးစီးဌာနသို့ ခွဲဝေပေးရမည်။<br>(ဂ) သိပ္ပံဆိုင်ရာသုတေသနတွေ့ရှိချက်များကို အသုံးပြု၍ စီးပွားဖြစ် ထုတ်လုပ်လျှင် ယင်းထုတ်လုပ်မှုမှ ရရှိသည့် အကျိုးမြတ်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသည့် အချိုးအစားအရ ခွဲဝေပေးရမည်။<br>၃၀။ ညွှန်ကြားရေးမှူးချုပ်သည် ဥပဒေပုဒ်မ ၉ အရ တည်ထောင်ထားသော တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်၌ ပြသရန် လိုအပ်သည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို လဲလှယ်ရေး အစီအစဉ်အရဖြစ်စေ၊ ဝယ်ယူ၍ဖြစ်စေ၊ အခမဲ့ဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စုဆောင်းနိုင်သည်။<br>၃၁။ ပြည်ပနိုင်ငံများနှင့် တိရစ္ဆာန်နှင့် သဘာဝအပင်များကို လဲလှယ်ရာတွင် ပြည်ပသို့ ပေးပို့မည့် တိရစ္ဆာန်နှင့် သဘာဝအပင်များသည် ပြည်တွင်းရှိ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တို့တွင် ပြသစိုက်ပျိုးထားသည့် တိရစ္ဆာန်နှင့် သဘာဝအပင်များ နှင့် အရန်အဖြစ်ထားရှိသည့် တိရစ္ဆာန်နှင့် အပင်တို့ကို ချန်လှပ်၍ ပိုလျှံနေသည့် တိရစ္ဆာန် နှင့် အပင်များ ဖြစ်ရမည်။<br>၃၂။ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ ဂေဟစနစ်များမှ ရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေ ပေးဆောင်စေခြင်းစနစ်ကို ကျင့်သုံးရန် ဂေဟစနစ်များမှ ရရှိသည့် ဝန်ဆောင်မှုများအား စီးပွားရေးအကျိုးအလို့ငှာ အသုံးချသူ သို့မဟုတ် အဖွဲ့အစည်းမှ ပေးသွင်းရမည့် အခကြေးငွေ နှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်သူများအား ပေးအပ်မည့် အခကြေးငွေတို့ကို သစ်တောဦးစီးဌာနသည် သင့်လျော်သည့် နည်းလမ်းများဖြင့် တွက်ချက်၍ ဝန်ကြီးဌာန၏ တင်ပြခွင့်ပြုချက် ရယူရမည်။<br>၃၃။ သစ်တောဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းရှိ ဂေဟစနစ်များမှ ရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေ ပေးဆောင်စေခြင်းစနစ်ကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ ဂေဟစနစ်များမှ ရရှိသည့် ဝန်ဆောင်မှုများအား စီးပွားရေးအကျိုးအလို့ငှာ အသုံး |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | ချသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ကြိုတင်ညှိနှိုင်းအသိပေး ဆောင်ရွက်ရမည်။<br>၃၄။ သက်ဆိုင်ရာသစ်တောဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (င) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဒေသခံပြည်သူ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ကျင့်သုံးရာတွင် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ၊ ဥယျာဉ်ဝင်ကြေး နှင့် အခြား အခကြေးငွေများ ကောက်ယူသည့် လုပ်ငန်းများမှတစ်ပါး အောက်ပါလုပ်ငန်းများတွင် ဆောင်ရွက်ရန် ဖြစ်သည်-<br>[ဒေသခံပြည်သူ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေကို ဆိုလိုသည် မဟုတ်၍ ဒေသခံပြည်သူ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ဆိုလိုရင်းဖြစ်သဖြင့် အကြံပြုချက်အပေါ် ပြင်ဆင်ရေးသားထားပါသည်]<br>(က) ထိန်းသိမ်းရေး လုပ်ငန်းများ၊<br>(ခ) ကင်းလှည့်ခြင်း၊<br>(ဂ) ပတ်ဝန်းကျင် ပညာပေးလုပ်ငန်းများ<br>(ဃ) သုတေသန၊<br>(င) ဂေဟာစနစ်များ နှင့် မျိုးစိတ်များအား လေ့လာခြင်း၊ စောင့်ကြည့် မှတ်တမ်းတင်ခြင်း၊ အကဲဖြတ်ခြင်း၊<br>(စ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း<br>(ဆ) ကြားခံနယ်မြေ စီမံအုပ်ချုပ်ခြင်း၊<br>(ဇ) ဒေသခံပြည်သူအခြေပြု ခရီးသွားလုပ်ငန်း။<br>၃၅။ သစ်တောဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (စ) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေး နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ ကောက်ခံရန် သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုချင်းအလိုက် သင့်လျော်သည့် နည်းလမ်းဖြင့် တွက်ချက်၍ ဝန်ကြီးဌာနထံ တင်ပြ၍ ခွင့်ပြုချက် ရယူရမည်။<br>၃၆။ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် အခကြေးငွေများ ကောက်ယူခြင်းအား ပြင်ပဒေသမှ အလည်အပတ် လာရောက်သူများကိုသာ ကောက်ခံရန် ဖြစ်သည်။<br>၃၇။ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (စ) တို့အရ ကောက်ယူသည့် အခကြေးငွေ နှင့် ဝင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေသို့ ပေးသွင်းရန် ဖြစ်သည်။<br>၃၈။ နည်းဥပဒေ ၃၇ အရ ပေးသွင်းထားသည့် အခကြေးငွေများ၏ (၃၀) ရာခိုင်နှုန်းကို သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လည်းကောင်း၊ (၂၀) ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေ နှင့် ကပ်လျက်ရှိသည့် ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန် အတွက် လည်းကောင်း၊ (၂၀) ရာခိုင်နှုန်းကို ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်သူများအား ပေးအပ်မည့် အခကြေးငွေအဖြစ်လည်းကောင်း ဘဏ္ဍာနှစ်အလိုက် ပြန်လည်ခွဲဝေပေးရမည်၊<br>၃၉။ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောအရာရှိသည် နည်းဥပဒေ ၃၈ အရ ပြန်လည်ခွဲဝေပေးမည့် ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေး |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | လုပ်ငန်းများ နှင့် ဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းတို့အတွက် ဆက်စပ်ပတ်သက်သူများနှင့် အကြံပြုဆွေးနွေး၍ လုပ်ငန်းအဆိုပြုလွှာများကို ရေးဆွဲတင်ပြရမည်။<br>၄၀။ ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း ဆောင်ရွက်မည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် အောက်ဖော်ပြပါ အချက်များနှင့်ကိုက်ညီရမည်-<br>(က) သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ် နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသခံပြည်သူများ၏ သစ်တောများအပေါ် စားဝတ်နေရေးအတွက် ထိခိုက်မှုမရှိစေသည့် သို့မဟုတ် အနည်းဆုံးဖြစ်စေသည့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း ဖြစ်ခြင်း၊<br>(ခ) သစ်တောနယ်မြေ နှင့် သဘာဝနယ်မြေများ၏ မူလ ရည်ရွယ်ချက်များကို ထိခိုက်မှု မရှိစေမည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖြစ်ခြင်း၊<br>(ဂ) လုပ်ငန်းရှင်/ကုမ္ပဏီ၏ အကျိုးအမြတ်၊ သစ်တောထိန်းသိမ်းကာကွယ်ရေး နှင့် ဒေသခံ ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ဖော်ဆောင်မည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖြစ်ခြင်း၊<br>(ဃ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် အစီအစဉ်များဖြစ်သော တောတွင်းလမ်းလျှောက်ခြင်း၊ ငှက်ကြည့်ခြင်း၊ လှေလှော်ခြင်း၊ ဖောင်စီးခြင်း၊ စက်ဘီးစီးခြင်း၊ သဘာဝရှုခင်းအလှကြည့်ခြင်း၊ တောင်တက်ခြင်း စသည့် သဘာဝအ ခြေခံသည့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများ ဖော်ပြထားခြင်း၊<br>(င) တည်းခိုဆောင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခြေခံအဆောက်အဦများကို သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု အနည်းဆုံးဖြင့် ဆောက်လုပ်ရန်၊ ဒေသမှရရှိသည့် အရင်းအမြစ်များဖြင့် ဆောက်လုပ်ရန်၊ အစိမ်းရောင်စွမ်းအင်ကို အတတ်နိုင်ဆုံးအသုံးပြုရန် ဖော်ပြထားသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖြစ်ခြင်း၊<br>(စ) ဒေသခံပြည်သူများ၊ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ရေရှည်တည်တံ့စေမည့် အစီအမံများ နှင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်မည့် အစီအမံများ ပါရှိခြင်း။<br>(ဆ) သဘာဝအခြေခံ ခရီးသွားလုပ်ငန်း အကောင်အထည်ဖေါ်ရာတွင် ရှားပါးမျိုးစိတ်များနှင့် ယင်းတို့၏ နေရင်းဒေသများအပေါ် ထိခိုက်မှု မရှိစေရေး လည်ပတ်လေ့လာခွင့်ပြုမည့် နေရာများနှင့် အချိန်ကာလကို သတ်မှတ်ထားခြင်း။ |
| ၁၄။ | ၁၄ | ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များ အတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ခွင့်ပြုချက်ကို ထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်သတ် | | ၄၁။ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်ခွင့် ရရှိသူသည်-<br>(က) သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။<br>(ခ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | မှတ်ပေးရမည်။ | | |
| ၁၅ | ၁၅ | (က) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့်စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အပေါ် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။<br>(ခ) ပုဒ်မခွဲ (က) အရ အယူခံဝင်ရောက်ရာတွင် ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်သည်။ | | |
| ၁၆။ | ၁၆ | ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်<br>(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရေးအတွက် ဦးရေ၊ အမျိုးအစား နှင့် အချိုးအစား မျှတစေရန် နှင့် မျိုးရိုးဗီဇရောယှက်ခြင်း မဖြစ်စေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများ ချမှတ် ဆောင်ရွက်နိုင်သည်။<br>(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တည်ထောင်ထားသည့် တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို အများပြည်သူသိရှိရန် အစီအမံများ ချမှတ် ဆောင်ရွက်နိုင်သည်။<br>(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ | ၂၂။ ညွှန်ကြားရေးမှူးချုပ်သည် သက်ရှိသက်မဲ့ဖွဲ့စည်းမှုအမျိုးမျိုး ပါဝင်သော သဘာဝနယ်မြေများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ရေရှည် တည်တံ့စေရန် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ရမည် -<br>(က) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ကြားခံနယ်မြေများ သတ်မှတ်၍ နယ်မြေ ပိုင်းခြား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊<br>(ခ) တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်တို့ အပြန်အလှန်ဆက်နွယ် တည်မှုစနစ်ကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဂ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဃ) ဇီဝမျိုးစုံမျိုးကွဲတို့ကို သိပ္ပံနည်းကျလေ့လာ မှတ်တမ်းတင်ခြင်း၊<br>(င) တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်တို့၏ လက်ရှိအခြေအနေမှန်ကို သိရှိရန် အစဉ်လေ့လာဆန်းစစ်၍ စာရင်းကောက်ခြင်း၊<br>(စ) တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် သတ်မှတ် ဒေသအတွင်း လက်ခံနိုင်စွမ်းအားကို အမြဲဆန်းစစ်ခြင်း၊<br>(ဆ) တောရိုင်းတိရစ္ဆာန်များ ကျက်စားရှင်သန်နေထိုင်သည့် နယ်မြေအကျယ်အဝန်းကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဇ) တောရိုင်းတိရစ္ဆာန်တစ်မျိုးချင်း၏ ပိုင်နက်နယ်မြေများကို လေ့လာ မှတ်တမ်းတင်ခြင်း၊<br>(ဈ) ရာသီအလိုက် ဒေသရွှေ့ပြောင်းလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ည) သဘာဝရေထွက်နှင့် သဘာဝကျစ်တွင်းများ တည်ရှိမှုကို လေ့လာမှတ်တမ်းတင်၍ လိုအပ်သလို ပြုပြင်ပေးခြင်း၊<br>(ဋ) လူများကို ဘေးအန္တရာယ်ပြုသော တောရိုင်းတိရစ္ဆာန် နှင့် ပတ်ဝန်းကျင် လှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ ရောဂါဘယကြောင့်ဖြစ်စေ ပုံမှန်မဟုတ်ဘဲ ဆိုးသွမ်းရူးသွပ်သော တောရိုင်းတိရစ္ဆာန်တို့ကို သုတ်သင် ရှင်းလင်းခြင်း၊ | ၄၂။သစ်တောဦးစီးဌာနသည် ဂေဟစနစ်အမျိုးမျိုးပါဝင်သော သဘာဝ ထိန်းသိမ်းရေးနယ်မြေများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ရေရှည်တည်တံ့စေရန် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ရမည် -<br>(က) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အမာခံထိန်းသိမ်းရေးနယ်မြေ နှင့် ကြားခံနယ်မြေများ သတ်မှတ်၍ နယ်မြေ ပိုင်းခြား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူများ၏ သဘာဝသယံဇာတများအပေါ် မှီခိုနေရမှု နှင့် လူမှုစီးပွားရေးအခြေအနေများကို လေ့လာဆန်းစစ်ခြင်း၊<br>(ခ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်တို့ အပြန်အလှန်ဆက်နွယ်တည်ရှိမှုစနစ်ကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဂ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဃ) ဇီဝမျိုးစုံမျိုးကွဲတို့ကို သိပ္ပံနည်းကျလေ့လာ မှတ်တမ်းတင်ခြင်း၊<br>(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်တို့၏ လက်ရှိအခြေအနေမှန်ကို သိရှိရန် အစဉ်လေ့လာဆန်းစစ်၍ စာရင်းကောက်ခြင်း၊<br>(စ) တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် သတ်မှတ်ဒေသအတွင်း လက်ခံနိုင်စွမ်းအားကို အမြဲဆန်းစစ်ခြင်း၊<br>(ဆ) တောရိုင်းတိရစ္ဆာန်များ ကျက်စားရှင်သန်နေထိုင်သည့် နယ်မြေအကျယ်အဝန်းကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဇ) တောရိုင်းတိရစ္ဆာန်တစ်မျိုးချင်း၏ ပိုင်နက်နယ်မြေများကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ဈ) ရာသီအလိုက် ဒေသရွှေ့ပြောင်းလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊<br>(ည) တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ ရာသီအလိုက်ပြောင်းရွှေ့လေ့ရှိသည့် ဒေသများကိုလေ့လာမှတ်တမ်းတင်ခြင်း၊ လိုအပ်ပါက ကာကွယ်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်ခြင်း၊<br>(ဋ) သဘာဝရေထွက်နှင့် သဘာဝကျစ်တွင်းများ တည်ရှိမှုကို လေ့လာမှတ် တမ်းတင်၍ လိုအပ်သလို ပြုပြင်ပေးခြင်း၊<br>(ဌ) လူများကို ဘေးအန္တရာယ်ပြုသော တောရိုင်းတိရစ္ဆာန်နှင့် ပတ်ဝန်းကျင် လှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ ရောဂါဘယကြောင့်ဖြစ်စေ ပုံမှန်မဟုတ်ဘဲ ဆိုးသွမ်းရူးသွပ်သော တောရိုင်းတိရစ္ဆာန်တို့ကို သုတ်သင် ရှင်းလင်းခြင်း၊ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | (ဠ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသအတွင်း အကောင်အရေအတွက် ပွားများစေရန် လိုအပ်ပါက သိပ္ပံနည်းကျ မျိုးပွားပြီး ပြန်လည်ထည့်သွင်း စေလွှတ်ပေးခြင်း၊<br>(ဍ) တောရိုင်းတိရစ္ဆာန်များသည် ပုံမှန်မဟုတ်သောနှုန်းဖြင့် တိုးပွားလာပါက မျိုးပွားနှုန်းကို ကန့်သတ်ထိန်းသိမ်းခြင်း၊ ဖယ်ထုတ်ခြင်း။ | (ဍ) တောရိုင်းတိရစ္ဆာန်တို့၏ နေရင်းဒေသအတွင်း အကောင်အရေအတွက် ပွားများစေရန် လိုအပ်ပါက သိပ္ပံနည်းကျမျိုးပွားပြီး ပြန်လည်ထည့် သွင်းစေလွှတ်ပေးခြင်း၊<br>(ဎ) တောရိုင်းတိရစ္ဆာန်များသည် ပုံမှန်မဟုတ်သောနှုန်းဖြင့် တိုးပွားလာပါက မျိုးပွားနှုန်းကို ကန့်သတ်ထိန်းသိမ်းခြင်း၊ ဖယ်ထုတ်ခြင်း နှင့် လူနှင့်တောရိုင်း တိရစ္ဆာန်များအကြား ပဋိပက္ခများကို နည်းပါးစေရန် အစီအမံများကို ဆောင်ရွက်ခြင်း။ |
| ၁၇။ | ၁၇ | သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးက ဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားအလိုက် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-<br>(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာ ဖြစ်စဉ် ပြောင်းလဲမှုများကို သုတေသန ပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊<br>(ခ) အမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊<br>(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသော သတ္တဝါများ၊ ယင်းတို့၏ နေရင်းဒေသများဖြစ်သော သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များ၊ ရေအောက်အပင်များ နှင့် ကမ်းခြေတစ်လျှောက် နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားသည့် တောရိုင်းတိရစ္ဆာန်များ၊ ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်းတည်ရှိနေစေရန် ကာကွယ် ထိန်းသိမ်းခြင်း၊<br>(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များ နှင့် သဘာဝအတိုင်း ဆင့်ကဲ ဖြစ်ပေါ်နေသောဂေဟစနစ်များ အရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊<br>(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက် ကင်းရှင်းစွာ ကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသောငှက်များ ရောက်ရှိရာ၊ ရပ်နားရာ၊ ပေါက်ဖွားရာဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊<br>(စ) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေအတွင်း ထူးခြားလှပသော သဘာဝအနေအထားများ နှင့် ရိုးရာဓလေ့များဖြင့် ထင်ရှား သည့် ဒေသများကို ထိန်းသိမ်းခြင်း၊ | ၂၃။ ဥပဒေပုဒ်မ ၁၄ အရ သစ်တောဦးစီးဌာနသည် ကော်မတီက ဖြစ်စေ၊ ဝန်ကြီးကချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝနယ်မြေ အမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-<br>(က) သိပ္ပံကြိုးဝိုင်းအတွင်း -<br>(၁) ထူးခြားထင်ရှားသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ဘူမိရူပသွင်ပြင် လက္ခဏာများနှင့် မျိုးစိတ်များတည်ရှိရာ ကုန်းတွင်း သို့မဟုတ် ရေဇရိယာများတွင် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊<br>(၂) သဘာဝဖြစ်စဉ်များ ပြောင်းလဲမှုကို စဉ်ဆက်မပြတ်လေ့လာ ဆန်းစစ်ခြင်း။<br>(ခ) အမျိုးသားဥယျာဉ်အတွင်း -<br>(၁) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ ရေရှည်တည်တံ့စေရန် ကာကွယ် ထိန်းသိမ်းခြင်း၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>(၂) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်စေရန် ဇုံနယ်မြေများ သတ်မှတ်ပြီး ခွင့်ပြုခြင်း၊<br>(၃) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများနှင့် သဘာဝအနေအထားကို ထိခိုက် ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။<br>(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း -<br>(၁) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊<br>(၂) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်ခြင်း နှင့် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>(၃) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဇုံနယ်မြေ သတ်မှတ်ပြီး ခွင့်ပြုစေခြင်း၊<br>(၄) အဏ္ဏဝါသက်ရှိသက်မဲ့ဖွဲ့စည်းမှုများ နှင့် သဘာဝအနေအထားကို ထိခိုက် ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှု နှင့် ဝင် | ၄၃။ ဥပဒေပုဒ်မ ၁၇ အရ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးဌာနကဖြစ်စေ ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားအလိုက် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -<br>(က) သိပ္ပံကြိုးဝိုင်းအတွင်း -<br>(၁) ထူးခြားထင်ရှားသည့် ဂေဟစနစ်များ၊ ဘူမိရုပ်သွင် လက္ခဏာများနှင့် မျိုးစိတ်များတည်ရှိရာ ကုန်းတွင်း သို့မဟုတ် ရေ ဧရိယာများတွင် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊<br>(၂) သဘာဝဖြစ်စဉ်များ ပြောင်းလဲမှုကို စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း။<br>(ခ) အမျိုးသားဥယျာဉ်အတွင်း -<br>(၁) သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ ရေရှည်တည်တံ့စေရန် ကာကွယ် ထိန်းသိမ်းခြင်း၊ ဂေဟစနစ်များကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>(၂) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်စေရန် ဇုန်နယ်မြေများ သတ်မှတ်ပြီး ခွင့်ပြုခြင်း၊<br>(၃) ဂေဟစနစ်များနှင့် သဘာဝအနေအထားကို ထိခိုက် ပျက်စီးစေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။<br>(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း -<br>(၁) အဏ္ဏဝါ ဂေဟစနစ်များကို ရေရှည်တည်တံ့စေရန် ကာကွယ်ထိန်းသိမ်းခြင်း၊<br>(၂) အဏ္ဏဝါ ဂေဟစနစ်များကို ထိခိုက်မှုမရှိစေသည့် သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>(၃) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဇုန်နယ်မြေသတ်မှတ်ပြီး ခွင့်ပြုစေခြင်း၊<br>(၄) အဏ္ဏဝါ ဂေဟစနစ်များနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီး စေသည့် ထုတ်ယူသုံးစွဲမှုနှင့် ဝင်ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။<br>(ဃ) သဘာဝကြိုးဝိုင်းအတွင်း -<br>(၁) ယိုယွင်းပျက်စီးမှုမရှိသေးသည့် ဂေဟစနစ် နှင့် သဘာဝဖြစ်စဉ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ |

DRAFT

| စဉ် | ပုဒ်မ | **ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)** | **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂)** | **ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈)** |
|---|---|---|---|---|
| | | (ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ နည်းပညာ နှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။ | ရောက်နေထိုင်မှုတို့ကို ထိရောက်စွာ တားမြစ်ခြင်း။<br>(ဃ) သဘာဝကြိုးဝိုင်းအတွင်း -<br>(၁) ယိုယွင်းပျက်စီးမှုမရှိသေးသည့် သက်ရှိသက်မဲ့ဖွဲ့စည်းမှု နှင့် သဘာဝဖြစ်စဉ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊<br>(၂) သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ပတ်ဝန်းကျင်ပြည်သူလူထုက စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း။<br>(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အထူးကာကွယ်ရန်လို အပ်သော မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အနေ့ာက် အယှက် ကင်းရှင်းစွာ ရှင်သန်မျိုးပွား ကျက်စားနေထိုင်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ယင်းတို့၏ နေရင်းဒေသ ရေရှည် တည်တံ့စေရန် စီမံဆောင်ရွက်ခြင်း၊ ရာသီအလိုက် ရွှေ့ပြောင်း ကျက် စားလေ့ရှိသည့် ငှက်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ဘေးမဲ့ပေး၍ ကာကွယ်ထိန်းသိမ်းခြင်း၊<br>(စ) ဘူမိရူပထူးခြားသည့် သဘာဝနယ်မြေအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများ နှင့် ထင်ရှားသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယင်းဒေသအတွင်း အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊<br>(ဆ) သဘာဝခရီးသွားလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ပြီး ဝင်ငွေတစ်စိတ်တစ်ပိုင်းကို သဘာဝနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြန်လည်ရင်းနှီးသုံးစွဲခြင်း။ | (၂) သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲ ပတ်ဝန်းကျင်ပြည်သူလူထုက စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း။<br>(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အထူးကာကွယ်ရန် လိုအပ်သော မျိုးစိတ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ အနှောက်အယှက်ကင်းရှင်းစွာ ရှင်သန်မျိုးပွား ကျက်စားနေထိုင်နိုင်ရန် ကာကွယ် ထိန်းသိမ်းခြင်းနှင့် ယင်းတို့၏ နေရင်းဒေသ ရေရှည်တည်တံ့စေရန် စီမံဆောင်ရွက်ခြင်း၊ ရာသီ အလိုက် ရွှေ့ပြောင်း ကျက်စားလေ့ရှိသည့် ငှက်များ နှင့် ယင်းတို့၏ နေရင်းဒေသများကို ~~ဘေးမဲ့ပေး၍~~ ကာကွယ်ထိန်းသိမ်းခြင်း၊<br>(စ) ဘူမိရုပ်သွင်ထူးခြားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ထူးခြားလှပသည့် သဘာဝအနေအထားများနှင့် ထင်ရှားသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ယင်းဒေသအတွင်း အများ ပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊<br>(ဆ) သဘာဝခရီးသွားလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ပြီး ဝင်ငွေ တစ်စိတ်တစ်ပိုင်းကို သဘာဝထိန်းသိမ်းရေးနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ရင်းနှီး သုံးစွဲခြင်း။<br>၄၄။ သစ်တောဦးစီးဌာနသည် ဒေသခံများ ထိန်းသိမ်း ကာကွယ်ထားသည့် နေရာနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ် သတ်မှတ်နိုင်ရန် ဥပဒေများ ရေးဆွဲရာတွင် နည်းပညာနှင့် အကြံဉာဏ်များ ပံ့ပိုးပေးရမည်။ |
| ၁၈။ | ၁၈ | အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) နေ့စဉ်စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊<br>(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် နှင့် ရုက္ခဗေဒ ဥယျာဉ်များအတွင်းရှိ တိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်းလေ့လာဖော်ထုတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊<br>(ဃ) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊<br>(င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကို မထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊<br>(စ) မြေအသုံးချမှုဆိုင်ရာ ပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါ က အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊<br>(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ကြားခံနယ်မြေအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊<br>(ဇ) ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုအတွက် နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။ | | |
| ၁၉။ | ၁၉ | အခန်း (၅)<br>**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ**<br>သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -<br>(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -<br>(၁) လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် များ၊<br>(၂) သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊<br>(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။<br>(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။<br>(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန် အလို့ငှာ အမျိုးအမည် နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်။<br>(ဃ) တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။<br>(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့် စာရင်းများကို အများ ပြည်သူသိရှိနိုင်ရေး သတ်မှတ် ကြေညာရမည်။<br>(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များအား ကာကွယ်ရန် အစီအမံများ ချမှတ် ဆောင်ရွက်ရမည်။<br>(ဆ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တော | **အခန်း (၃)**<br>**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**<br>၂၇။ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)အရ မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့်တော ရိုင်းတိရစ္ဆာန်များကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ အောက်ပါ အမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည်-<br>(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊<br>(ခ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊<br>(ဂ) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။<br>၂၈။ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ကြေညာထားသော မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထားသည် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များနှင့်စပ်လျဉ်း၍ -<br>(က) ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် နှင့် ညွှန်ကြားချက်များကို အများပြည်သူသိရှိလိုက်နာစေရန် သင့်လျော်သော လူထုပညာပေးနည်းလမ်းကို အသုံးပြု၍ ဆောင်ရွက်ရမည်၊<br>(ခ) အမျိုးအစားအလိုက် အမြဲမပြတ်စူးစမ်းလေ့လာခြင်း၊ အရေအတွက် ခန့်မှန်းခြင်း၊ ပျံ့နှံ့ကျက်စားမှုနှင့် ပေါက်ရောက်မှု လေ့လာခြင်းတို့ကို ပြုရမည်။<br>(ဂ) လိုအပ်ပါက ဝန်ကြီး၏သဘောတူညီချက်ဖြင့် ကာကွယ်မှုအဆင့် ပြောင်းလဲသတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် နုတ်ပယ်ခြင်းတို့ကို ပြုနိုင်သည်။ | **အခန်း (၄)**<br>**ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ**<br>~~၄၅။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ အောက်ပါအမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -~~<br>~~(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊~~<br>~~(ခ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊~~<br>~~(ဂ) ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။~~<br>၄၆။ သစ်တောဦးစီးဌာနသည် ဥပဒေပုဒ်မ ၁၉ အရ သတ်မှတ်ကြေညာထားသော မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထားသည် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များနှင့် စပ်လျဉ်း၍ -<br>(က) ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အများပြည်သူသိရှိလိုက်နာစေရန် သင့်လျော်သောနည်းလမ်းများဖြင့် လူထု ပညာပေးလုပ်ငန်းကို ~~နည်းလမ်းကို အသုံးပြု၍~~ ဆောင်ရွက်ရမည်၊<br>(ခ) အမျိုးအစားအလိုက် အမြဲမပြတ်စူးစမ်းလေ့လာခြင်း၊ အရေအတွက် ခန့်မှန်းခြင်း၊ ပျံ့နှံ့ကျက်စားမှုနှင့် ပေါက်ရောက်မှု လေ့လာခြင်းတို့ကို ပြုရမည်၊<br>(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ကာကွယ်မှုအဆင့် ပြောင်းလဲ သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် နုတ်ပယ်ခြင်းတို့ကို ပြုနိုင်သည်၊<br>(ဃ) ဥပဒေ ပုဒ်မ (၄၆) ပုဒ်မခွဲ (ဂ)ပါ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို တရားဝင် ခွင့်ပြုချက် ရယူပြီးဖေါ်စပ်သော ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ သီးခြားညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရမည်။<br>၄၇။ သစ်တောဦးစီးဌာနသည် မျိုးသုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ကာကွယ်ထိန်းချုပ်နိုင်ရန်အလို့ငှာ အမျိုးအစားခွဲခြားပြီး သတ်မှတ်ကြေညာရမည်။<br>၄၈။ ကွန်ဗင်းရှင်းအရ ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | ရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။ | | တိရစ္ဆာန် နှင့် အပင်မျိုးစိတ်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ဆင့်ပွားပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်းတို့အတွက် လိုအပ်သည့် ထောက်ခံချက် သို့မဟုတ် ပါမစ်ကို စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်ထံ လျှောက်ထားရမည်။<br>၄၉။ နည်းဥပဒေ (၄၈) အရ လျှောက်ထားခြင်းအပေါ် စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်သည် သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်၏ အကြံပြု သုံးသပ်ချက်များကို ရယူ၍ ထောက်ခံချက် သို့မဟုတ် ပါမစ်ကို ထုတ်ပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။<br>၅၀။ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်သည် လွတ်လပ်စွာ ရပ်တည်ရမည် ဖြစ်ပြီး၊ မျိုးစိတ်များ၏ ရှင်သန်မှုကို ထိခိုက်မည်ဆိုပါက ပြည်ပသို့ တင်ပို့မှုကို ပိတ်ပင်နိုင်သည့် အခွင့်အာဏာရှိသည်။<br>၅၁။ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) မျိုးစိတ်များကို တင်ပို့ရန် လျှောက်ထားသည့် ကိစ္စတစ်ခုချင်းအလိုက် ပြည်ပသို့ တင်ပို့ခြင်းသည် တင်ပို့မည့် မျိုးစိတ်များအပေါ် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ကျရောက် နိုင်မှု ရှိ/မရှိ စိစစ်မှတ်ချက်ပြုခြင်း၊<br>(ခ) သုတေသနများမှ ရရှိလာသည့် ကိန်းဂဏန်းများကို အခြေခံ၍ နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များအား မျိုးဆက်ပျက်သုဉ်းစေခြင်း မရှိစေဘဲ နှစ်စဉ်တင်ပို့နိုင်သော ခွဲတမ်းပမာဏ (Quota) ကို သတ်မှတ်ခြင်း၊<br>(ဂ) ပြည်ပမှ မျိုးစိတ်များ တင်သွင်းရာတွင် တင်သွင်းမည့်သူသည် တင်သွင်းမည့် မျိုးစိတ်ကို စနစ်တကျ ထားရှိ၊ စောင့်ရှောက်နိုင်မှု ရှိ/မရှိ စိစစ်၍ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်ထံ တင်ပြခြင်း၊<br>(ဃ) နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များကို ပြည်ပသို့ တင်ပို့ရန် ပါမစ်ထုတ်ပေးထားမှုများအား အမှန်တကယ် တင်ပို့မှု ရှိ/မရှိ စောင့်ကြည့်လေ့လာရန်နှင့် ထုတ်ပေးထားသော ပါမစ်များအား အမှန်အသုံးပြုမှု ရှိ/မရှိ စိစစ်၍ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်ထံ တင်ပြခြင်း၊<br>(င) တိရစ္ဆာန်တစ်မျိုးမျိုးအား ဖမ်းဆီးမွေးမြူခြင်း သို့မဟုတ် အပင်တစ်မျိုးမျိုးအား မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် မှတ်ပုံတင် ထုတ်ပေးရာတွင် မျိုးဆက်ပျက်သုဉ်းနိုင်မှု ရှိ/မရှိ စိစစ်၍ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်ထံ တင်ပြခြင်း၊<br>(စ) ဖမ်းဆီးသိမ်းဆည်းရမိသည့် မျိုးစိတ်များ၊ အစိတ်အပိုင်းများအား စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်ထံ တင်ပြခြင်း၊<br>(ဆ) မျိုးစိတ်များကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်ထံ အကြံပြုခြင်း၊ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | ~~၅၂။ ဝန်ကြီးဌာနသည် ဥပဒေ ပုဒ်မ (၂၀) အရ သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံ ပုဂ္ဂိုလ် အဖြစ် သတ်မှတ်တာဝန်ပေးအပ်ရာတွင် တာဝန်ပေးအပ်သူ တစ်ဦးထက် ပိုပါက မည်သူသည် အဓိကကျသည့် သိပ္ပံပညာရပ် တာဝန်ခံ ပုဂ္ဂိုလ် ဖြစ်သည်ဟု သတ်မှတ်ရမည်။~~ |
| ၂၀။ | ၂၀ | ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-<br>(က) ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။<br>(ခ) သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။ | | |
| ၂၁။ | ၂၁ | ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် -<br>(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို ဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်။<br>(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝအပင်ကို စမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထား ခွင့်ပြုနိုင်သည်။<br>(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်း နှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက် ဖြစ်စေ၊ သိပ္ပံနည်းကျ အမျိုးအမည် ခွဲခြားရန် ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ပြည်ပသို့ တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင် ခွင့်ပြုနိုင်သည်။<br>(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသနပြု လုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ် | ၂၉။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမ ဟုတ်သော အဖွဲ့အစည်း တစ်ခုခုသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် တစ်မျိုးမျိုးကို သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်လိုပါက ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။<br>၂၉။ ( ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး မျိုးသုဉ်းမည့်အန္တရာယ်အဆင့်တွင် မရှိသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန် ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုတေသနပြုလုပ်ခွင့်၊ စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်နှင့် လက်ဝယ်ထား ခွင့်ပြုနိုင်သည်။<br>၂၉။ (ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ)အရ ခွင့်ပြုသည့်အခါ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန် ခွင့်ပြုသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ စုဆောင်းခြင်းပြုရမည့် နေရာဒေသ နှင့် အချိန်ကာလကိုလည်းကောင်း၊ ဖမ်းဆီးခြင်း၊ စုဆောင်းခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ နည်းလမ်းများကို လည်းကောင်း သတ်မှတ်ပေးရမည်။<br>၃၀။ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (ခ)အရ ခွင့်ပြုချက်ရရှိသူသည် -<br>(က) သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခ နှင့် တန်ဖိုးကို ပေးဆောင်ရမည်။<br>( ခ) သိပ္ပံဆိုင်ရာသုတေသနတွေ့ရှိချက်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြရမည်။<br>( ဂ) သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ် | ၅၃။ (က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့ အစည်းတစ်ခုခုသည် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို ဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို ဖြစ်စေ သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်လိုပါက ခွင့်ပြုချက်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။<br>၅၃။ (ခ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန် ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သုတေသနပြုလုပ်ခွင့်၊ စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်။<br>၅၃။ (ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) အရ ခွင့်ပြုသည့်အခါ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန် ခွင့်ပြုသော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ စုဆောင်းခြင်းပြုရမည့် နေရာဒေသနှင့် အချိန်ကာလကိုလည်းကောင်း၊ ဖမ်းဆီးခြင်း၊ စုဆောင်းခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ နည်းလမ်းများကို လည်းကောင်း သတ်မှတ်ပေးရမည်။<br>၅၄။ နည်းဥပဒေ ၅၃၊ နည်းဥပဒေခွဲ (ခ)အရ ခွင့်ပြုချက်ရရှိသူသည် -<br>(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခ နှင့် တန်ဖိုးကို ပေးဆောင်ရမည်။<br>( ခ) သိပ္ပံဆိုင်ရာသုတေသန တွေ့ရှိချက်များကို သစ်တောဦးစီးဌာနသို့ သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြရမည်။<br>( ဂ) သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းကို ခွင့်ပြုရမည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| ၃၀။ | ၃၀ | တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် ရရှိသူသည် -<br>(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။<br>(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးသွင်းရမည်။<br>(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ ကွယ်လွန်လျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။ | ၅၆။ တိရစ္ဆာန်ဥယျာဉ် (သို့မဟုတ်) ရုက္ခဗေဒဥယျာဉ်လုပ်ငန်း လိုင်စင်ရရှိသူသည် -<br>(က) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခများကို မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးသွင်းရမည်။<br>(ခ) ပြည်တွင်းပြည်ပမှ တိရစ္ဆာန်များ နှင့် သဘာဝအပင်များ စုဆောင်းခြင်းကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။<br>(ဂ) တိရစ္ဆာန်ဥယျာဉ်ပြင်ပ ခြံစည်းရိုးအား အနည်းဆုံး ၆ ပေအမြင့် ခိုင်ခံ့စွာကာရံ ထားရမည်။<br>(ဃ) လာရောက်ကြည့်ရှုသော ပြည်သူများအတွက်လည်းကောင်း၊ တိရစ္ဆာန်များအတွက်လည်းကောင်း အန္တရာယ်မရှိစေရန် တိရစ္ဆာန်များအား ခိုင်ခံ့သော တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များဖြင့် ထားရှိရမည်။<br>(င) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား လေဝင်လေထွက် ကောင်းမွန်စေရန် အရိပ်အာဝါသရှိရန်၊ သန့်ရှင်းရေးပြုလုပ်မှု လွယ်ကူစေရန်၊ အမိုးအကာ လုံလောက်မှုရှိရန်၊ ခြောက်သွေ့သည့်နေရာ ရှိရန် နှင့် တိရစ္ဆာန်များအတွက် လှုပ်ရှားသွားလာရန် လုံလောက် သောနေရာရှိရန် စီစဉ်ဆောက်လုပ်ရမည်။ | ၈၉။ တိရစ္ဆာန်ဥယျာဉ် (သို့မဟုတ်) ရုက္ခဗေဒဥယျာဉ်လုပ်ငန်း လိုင်စင်ရရှိသူသည် -<br>(က) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခွန်အခများကို မြန်မာကျပ်ငွေဖြင့်~~လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း~~ ပေးသွင်းရမည်၊<br>(ခ) ပြည်တွင်းပြည်ပမှ တိရစ္ဆာန်များနှင့် သဘာဝအပင်များ စုဆောင်းခြင်းကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်၊<br>(ဂ) တိရစ္ဆာန်ဥယျာဉ်ပြင်ပ ခြံစည်းရိုးအား အနည်းဆုံး ၆ ပေအမြင့် ခိုင်ခံ့စွာ ကာရံ ထားရမည်၊<br>(ဃ) လာရောက်ကြည့်ရှုသော ပြည်သူများအတွက်လည်းကောင်း၊ တိရစ္ဆာန်များအတွက်လည်းကောင်း အန္တရာယ်မရှိစေရန် တိရစ္ဆာန်များအား ခိုင်ခံ့သော တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များဖြင့် ထားရှိရမည်၊<br>(င) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား လေဝင်လေထွက် ကောင်းမွန်စေရန် အရိပ်အာဝါသရှိရန်၊ သန့်ရှင်းရေးပြုလုပ်မှု လွယ်ကူစေရန်၊ အမိုးအကာ လုံလောက်မှုရှိရန်၊ ခြောက်သွေ့သည့်နေရာ ရှိရန် နှင့် တိရစ္ဆာန်များအတွက် လှုပ်ရှားသွားလာရန် လုံလောက်သောနေရာ ရှိရန် စီစဉ်ဆောက်လုပ်ရမည်၊<br>(စ) ရောဂါဘယဖြစ်ပွားနေသော တိရစ္ဆာန်များအား သီးခြားခွဲ၍ ထိန်းသိမ်း ထားရှိရန် သီးခြားခြံဝင်း သို့မဟုတ် လှောင်အိမ်များ ဆောက်လုပ်ထားရမည်၊<br>(ဆ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား နေ့စဉ် သန့်ရှင်းရေး ပြုလုပ် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
| --- | --- | --- | --- | --- |
| | | | (စ) ရောဂါဘယဖြစ်ပွားနေသော တိရစ္ဆာန်များအား သီးခြားခွဲ၍ ထိန်းသိမ်းထားရှိရန် သီးခြားခြံဝင်း သို့မဟုတ် လှောင်အိမ်များ ဆောက် လုပ်ထားရမည်။<br>(ဆ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များအား နေ့စဉ် သန့်ရှင်းရေး ပြုလုပ်ရမည်။<br>(ဇ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များတွင် ပြသထားသော တိရစ္ဆာန်များ၏အမည်၊ သိပ္ပံအမည်၊ တွေ့ရှိရာဒေသနှင့် အခြားအကြောင်းအရာများ ပါဝင်သောဆိုင်းဘုတ်ကို တပ်ဆင်ထားရမည်။<br>(ဈ) တိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ရန် ကျွမ်းကျင်သော တိရစ္ဆာန်ထိန်း ဝန်ထမ်းများ ခန့်ထားရမည်။<br>(ည) တိရစ္ဆာန်များ ကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုသရေး ပညာဘွဲ့ရ ဝန်ထမ်းများ ခန့်ထားရမည်။<br>(ဋ) တိရစ္ဆာန်တစ်ကောင်ချင်းအတွက် မှတ်တမ်းထားရှိရမည်။<br>(ဌ) တိရစ္ဆာန်များအား နေ့စဉ်လုံလောက်သော အစာအဟာရများ ကျွေးမွေးရမည်။<br>(ဍ) တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ အချိန်မှန် ထိုးနှံပေးရမည်။<br>(ဎ) ဖျားနာသော သို့မဟုတ် ဒဏ်ရာရသော တိရစ္ဆာန်များကို လုံလောက်သော ဆေးဝါးကုသမှုပေးရမည်။<br>(ဏ) သေဆုံးသောတိရစ္ဆာန်များကို ခွဲစိတ်စစ်ဆေးပြီး သေဆုံးရသော အကြောင်းရင်းကို မှတ်တမ်းတင်ထားရှိရမည်။ အသေကောင်များကို မြေမြှုပ်၍လည်းကောင်း၊ မီးရှို့၍လည်းကောင်း ဖျက်ဆီးပစ်ရမည်။<br>(တ) တိရစ္ဆာန်များတွင် ကပ်ရောဂါဝင်ရောက်ပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။<br>(ထ) ပိုလျှံသော ပြည်တွင်းမျိုးတိရစ္ဆာန်များကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် နေရင်းဒေသများတွင် သိပ္ပံနည်းကျ ဘေးမဲ့လွှတ်နိုင်သည်။<br>(ဒ) မည်သူမျှ တိရစ္ဆာန်များကို ညှင်းပန်းနှိပ်စက်ခြင်းမပြုရ။<br>(ဓ) လာရောက်လည်ပတ်သူများအတွက် နားနေရန်နေရာနှင့် ကျန်းမာရေးနှင့် ညီညွတ်သော သန့်စင်ခန်းများကို လုံလောက်စွာ စီစဉ်ပေးရမည်။<br>(န) လာရောက်လည်ပတ်သူများနှင့် တိရစ္ဆာန်များအတွက် အရိပ်အာဝါသရရှိရန် အပင်ကြီးများ စိုက်ပျိုးထားရမည်။<br>(ပ) ဥယျာဉ်မှ ထွက်ရှိသော အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို ဥယျာဉ်၏ ပြင်ပတွင် စနစ်တကျစွန့်ပစ်ရမည်။<br>(ဖ) တိရစ္ဆာန်ဥယျာဉ်ရှိ မွေးမြူထားသော တိရစ္ဆာန်အရေအတွက် | ရမည်၊<br>(ဇ) တိရစ္ဆာန်ခြံဝင်း သို့မဟုတ် လှောင်အိမ်များတွင် ပြသထားသော တိရစ္ဆာန်များ၏အမည်၊ သိပ္ပံအမည်၊ တွေ့ရှိရာဒေသနှင့် အခြားအကြောင်းအရာများ ပါဝင်သော ဆိုင်းဘုတ်ကို တပ်ဆင်ထားရမည်၊<br>(ဈ) တိရစ္ဆာန်များအား ပြုစုစောင့်ရှောက်ရန် ကျွမ်းကျင်သော တိရစ္ဆာန် ထိန်းဝန်ထမ်းများ ခန့်ထားရမည်၊<br>(ည) တိရစ္ဆာန်များ ကျန်းမာရေးအတွက် တိရစ္ဆာန်ဆေးကုသရေး ပညာဘွဲ့ရ ဝန်ထမ်းများ ခန့်ထားရမည်၊<br>(ဋ) တိရစ္ဆာန်တစ်ကောင်ချင်းအတွက် မှတ်တမ်းထားရှိရမည်၊<br>(ဌ) တိရစ္ဆာန်များအား နေ့စဉ်လုံလောက်သော အစာအဟာရများ ကျွေးမွေး ရမည်၊<br>(ဍ) တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ အချိန်မှန် ထိုးနှံပေးရမည်၊<br>(ဎ) ဖျားနာသော သို့မဟုတ် ဒဏ်ရာရသော တိရစ္ဆာန်များကို လုံလောက် သော ဆေးဝါးကုသမှုပေးရမည်၊<br>(ဏ) သေဆုံးသောတိရစ္ဆာန်များကို ခွဲစိတ်စစ်ဆေးပြီး သေဆုံးရသော အကြောင်းရင်းကို မှတ်တမ်းတင်ထားရှိရမည်။ အသေကောင်များကို မြေမြှုပ်၍လည်းကောင်း၊ မီးရှို့၍လည်းကောင်း ဖျက်ဆီးပစ်ရမည်၊<br>(တ) တိရစ္ဆာန်များတွင် ကပ်ရောဂါဝင်ရောက်ပါက မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်၊<br>(ထ) ပိုလျှံသော ပြည်တွင်းမျိုးတိရစ္ဆာန်များကို ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက် ဖြင့် နေရင်းဒေသများတွင် သိပ္ပံနည်းကျဘေးမဲ့လွှတ် နိုင်သည်၊<br>(ဒ) မည်သူမျှ တိရစ္ဆာန်များကို ညှင်းပန်းနှိပ်စက်ခြင်းမပြုရ။<br>(ဓ) လာရောက်လည်ပတ်သူများအတွက် နားနေရန်နေရာနှင့် ကျန်းမာရေး နှင့်ညီညွတ်သော သန့်စင်ခန်းများကို လုံလောက်စွာ စီစဉ်ပေးရမည်။<br>(န) လာရောက်လည်ပတ်သူများနှင့် တိရစ္ဆာန်များအတွက် အရိပ်အာဝါသ ရရှိရန် အပင်ကြီးများ စိုက်ပျိုးထားရမည်။<br>(ပ) ဥယျာဉ်မှ ထွက်ရှိသော အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို ဥယျာဉ်၏ ပြင်ပတွင် စနစ်တကျစွန့်ပစ်ရမည်။<br>(ဖ) တိရစ္ဆာန်ဥယျာဉ်ရှိ မွေးမြူထားသော တိရစ္ဆာန်အရေအတွက်၏ အတိုး အလျော့စာရင်းကို သစ်တောဦးစီးဌာနသို့ တစ်နှစ်တစ်ကြိမ် တင်ပြ ရမည်။<br>(ဗ) ဥပဒေအရ တည်ထောင်သည့်တိရစ္ဆာန်ဥယျာဉ်ရှိ သတ်မှတ်ကောင်ရေထက် ပိုသော ပြည်ပတိရစ္ဆာန်မျိုးများကို ပြည်တွင်းတွင် လွှတ်ခြင်း မပြုရ။ စနစ်တကျ ဖျက်ဆီးခြင်းပြုရမည်။<br>(ဘ) သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်။<br>(မ) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးသွင်းရမည်။<br>(ယ) ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ပညာပေးလုပ်ငန်း၊ သိပ္ပံဆိုင်ရာ သုတေ |

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | ၏ အတိုးအလျော့စာရင်းကို သစ်တောဦးစီးဌာနသို့ တစ်နှစ်တစ်ကြိမ် တင်ပြရမည်။<br>( ဗ) ဥပဒေအရ တည်ထောင်သည့်တိရစ္ဆာန်ဥယျာဉ်ရှိ သတ်မှတ်ကောင်ရေထက်ပိုသော ပြည်ပတိရစ္ဆာန်မျိုးများကို ပြည်တွင်းတွင် လွှတ်ခြင်း မပြုရ။ စနစ်တကျ ဖျက်ဆီးခြင်းပြုရမည်။<br>(ဘ) သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးခြင်းကို ခံယူရမည်။<br>( မ) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ မြန်မာငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း ပေးသွင်းရမည်။<br>(ယ) ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ပညာပေးလုပ်ငန်း၊ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်း နှင့် မျိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။<br>( ရ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ထိုသူ၏ တရားဝင် ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။<br>(လ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော အခြားစည်းကမ်းများကိုလည်း လိုက်နာရမည်။<br>၅၇။ ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောဝန်ထမ်းများသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့် နည်းဥပဒေ ၅၆ ပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ၊မရှိနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကပိုင် တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်များသို့ တစ်နှစ် လျှင်တစ်ကြိမ် (သို့မဟုတ်) အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးရမည်။<br>၅၈။ ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့် နည်းဥပဒေ ၅၆ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။ | သနလုပ်ငန်းနှင့် မျိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။<br>( ရ) လုပ်ငန်းလိုင်စင် သက်တမ်းမကုန်ဆုံးမီ သေဆုံးလျှင် ထိုသူ၏ တရားဝင် ဆက်ခံသူက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။<br>(လ) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော အခြားစည်းကမ်းများကို လည်း လိုက်နာရမည်။<br>၉၀။ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောဝန်ထမ်းများသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့် နည်းဥပဒေ ၈၂ ပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကပိုင် တိရစ္ဆာန် ဥယျာဉ် သို့မဟုတ် ရက္ခဗေဒဥယျာဉ်များသို့ တစ်နှစ်လျှင် တစ်ကြိမ် (သို့မဟုတ်) အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးရမည်။<br>၉၁။ညွှန်ကြားရေးမှူးချုပ်သည် လုပ်ငန်းလိုင်စင်ရရှိသူက လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့် နည်းဥပဒေ ၈၂ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။ |
| ၃၁။ | ၃၁ | အခန်း (၈)<br>**မှတ်ပုံတင်ခြင်း**<br>(က) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံ | အခန်း (၆)<br>**မှတ်ပုံတင်ခြင်း**<br>၅၉။(က) သစ်တောရေးရာဝန်ကြီးဌာနသည် ဤနည်းဥပဒေများ နှင့်အညီ မှတ်ပုံတင်မည့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းများကို ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။<br>၅၉။ (ခ) ဥပဒေအာဏာမတည်မီက မှတ်ပုံတင်ရန်လိုအပ်သော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းများကို အမှတ်တရ ပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် နည်းဥပဒေခွဲ | အခန်း (၇)<br>**မှတ်ပုံတင်ခြင်း**<br>၉၂။ (က) ဝန်ကြီးဌာနသည် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းများကိုဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။<br>၉၂။(ခ) ဥပဒေအာဏာမတည်မီက မှတ်ပုံတင်ရန်လိုအပ်သော လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းများကို အမှတ်တရပစ္စည်းအဖြစ် လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း၊ လက် ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင်သူသည် နည်းဥပဒေခွဲ (က)ပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်သည့်နေ့မှစ၍ (၆)လအတွင်း သက်ဆိုင် ရာ မြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ |

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | တင်ရမည်။<br>(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။<br>(ဂ) ဤဥပဒေ အာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့် ရသောပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသန ပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ လက်ဝယ်ထားရှိလိုလျှင် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရမည်။<br>(ဃ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)အရ ခွင့်ပြုချက်ရရှိသူသည် တောရိုင်းတိရစ္ဆာန် မွေးမြူခြင်းနှင့် သဘာဝအပင် မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် သတ်မှတ်နည်းလမ်းများနှင့်အညီ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။<br>(င) ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်ကြေးငွေကို ပေးဆောင်ရမည်။<br>(စ) ပုဒ်မခွဲ (ဃ)အရ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခ၊ မှတ်ပုံတင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။ | (က)ပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်သည့်နေ့မှစ၍ (၆)လအတွင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။<br>၅၉။ (ဂ) နည်းဥပဒေခွဲ(ခ)အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတနည်းနည်းဖြင့် လွှဲပြောင်း လက်ခံရရှိသူသည် လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။<br>၅၉။ (ဃ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ် ထားရှိလိုလျှင် လက်ဝယ်ထားရှိသည့်နေ့မှစ၍ ရက်(၃၀) အတွင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ | ၉၃။(ဂ) နည်းဥပဒေခွဲ (ခ)အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံရရှိသူသည် လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။<br>၉၄။(ဃ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရ မဟုတ်သောအဖွဲ့အစည်းသည် ယင်းတောရိုင်းတိရစ္ဆာန်၏ အစိတ်ပိုင်းကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တရဖြစ်စေ၊ လက်ဝယ်ထားရှိလိုလျှင် လက်ဝယ်ထားရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ |
| ၃၂။ | ၃၂ | ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -<br>(က) ပုဒ်မ ၃၁ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။<br>(ခ) ပုဒ်မခွဲ (က)အရ ငြင်းပယ်ခံရသူသည် ငြင်းပယ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ | ၆၀။ (က) သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနမှူးသည် နည်းဥပဒေ ၅၉၊ နည်းဥပဒေခွဲ(ခ)နှင့် (ဂ)တို့အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။<br>၆၀။ (ခ) နည်းဥပဒေခွဲ (က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက လျှောက်ထားသူအားမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ | ၉၅။ (က) သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနမှူးသည် နည်းဥပဒေ ၉၄၊ နည်းဥပဒေခွဲ (ခ)နှင့် (ဂ)တို့အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။<br>၉၆။(ခ) နည်းဥပဒေခွဲ (က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ |
| | | | အခန်း (၇)<br>**ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း**<br>၆၂။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာတစ်ခုခုတွင် ကာကွယ်ထားသည့် တောရိုင်း | အခန်း (၈)<br>**ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း**<br>၉၇။သစ်တောဝန်ထမ်းတိုင်းသည် ဥပဒေပါပြစ်မှုများ ဖြစ်ပွားခြင်းမရှိစေရန် ကြိုတင် ကာကွယ်တားဆီးခြင်းများကို ပြုလုပ်ပိုင်ခွင့်ရှိသည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
| --- | --- | --- | --- | --- |
| | | | တိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်း သို့မဟုတ် ကာကွယ်ထားသည့် သဘာဝအပင်နှင့် အစိတ်အပိုင်း တစ်စုံတစ်ရာကို ဥပဒေနှင့်အညီ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာကိုရှာဖွေရန် ပထမတန်းအာဏာရ တရားသူကြီးထက် မနိမ့်သော တရားသူကြီးတစ်ဦးဦးသည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးတစ်ဦးဦးအား ရှာဖွေမိန့်ထုတ်ပေး နိုင်သည်။<br>၆၃။ ရှာဖွေမိန့်ရရှိသူသည်-<br>(က) ရှာဖွေမိန့်ကို ကိုယ်တိုင်အတည်ပြုဆောင်ရွက်ရမည်။ အခြားသူ တစ်ဦးဦးကို ထပ်ဆင့်လွှဲအပ်ခြင်း မပြုရ။<br>(ခ) ရှာဖွေခြင်းကို သက်သေ (၂)ဦးရှေ့တွင် ပြုလုပ်ရမည်။<br>(ဂ) ရှာဖွေမိန့်တွင် ပါရှိသည့်နေရာ သို့မဟုတ် နေအိမ်၊ အဆောက်အအုံတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများ နှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ တိရစ္ဆာန် နှင့် အခြားစက်ကိရိယာတန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်း ပြုရမည်။<br>(ဃ) ရှာဖွေသည့်အချိန်မှ (၂၄)နာရီအတွင်း ရှာဖွေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေမိန့်ထုတ်ပေး သူ တရားသူကြီးထံ စာဖြင့်အစီရင်ခံရမည်။<br>၆၄။ သစ်တောဝန်ထမ်းသည် အများပြည်သူ ဝင်ထွက်သွားလာ နိုင်သော အဆောက်အအုံ၊ နေရာနှင့် မည်သည့်ယာဉ်မျိုးကိုမဆို ရှာဖွေမိန့် ရယူရန်မလိုဘဲ သက်သေ (၂)ဦးရှေ့တွင် ရှာဖွေခြင်း ပြုနိုင်သည်။ ယင်းသို့ရှာဖွေရာတွင် တွေ့ရှိရသော သက်သေခံ ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ကိရိယာတန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်း ပြုရမည်။<br>၆၅။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအကျ ပြဋ္ဌာန်း ထားခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။<br>၆၇။ ဤဥပဒေအရ တရားစွဲဆိုရာတွင် သစ်တောရေးရာဝန်ကြီး ဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။ | ၉၈။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာတစ်ခုခုတွင် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏ အစိတ်အပိုင်း သို့မဟုတ် ကာကွယ်ထားသည့် သဘာဝအပင်နှင့် အစိတ်အပိုင်းတစ်စုံ တစ်ရာကို ဥပဒေနှင့်မညီဘဲ သိုဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့် အကြောင်းရှိလျှင် ဥပဒေနှင့်အညီ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာကိုရှာဖွေရန် ပထမတန်းအာဏာရ တရားသူကြီးထက် မနိမ့်သော တရားသူကြီးတစ်ဦးဦးသည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးတစ်ဦးဦးအား ရှာဖွေမိန့် ထုတ်ပေးနိုင် သည်။<br>၉၉။ရှာဖွေမိန့်ရရှိသူသည် -<br>(က) ရှာဖွေမိန့်ကို ကိုယ်တိုင်အတည်ပြုဆောင်ရွက်ရမည်။ အခြားသူတစ် ဦးဦးကို ထပ်ဆင့်လွှဲအပ်ခြင်း မပြုရ။<br>(ခ) ရှာဖွေခြင်းကို သက်သေ ၂ ဦးရှေ့တွင် ပြုလုပ်ရမည်။<br>(ဂ) ရှာဖွေမိန့်တွင် ပါရှိသည့်နေရာ သို့မဟုတ် နေအိမ်၊ အဆောက်အအုံတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ကိရိယာ တန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်းပြုရမည်။<br>(ဃ) ရှာဖွေသည့်အချိန်မှ ၂၄ နာရီအတွင်း ရှာဖွေခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှာဖွေမိန့်ထုတ်ပေးသူ တရားသူကြီးထံ စာဖြင့် အစီရင်ခံရမည်။<br>၁၀၀။သစ်တောဝန်ထမ်းသည် အများပြည်သူ ဝင်ထွက်သွားလာနိုင်သော အဆောက်အအုံ၊ နေရာနှင့် မည်သည့်ယာဉ်မျိုးကိုမဆို ရှာဖွေမိန့်ရယူရန် မလိုဘဲ သက်သေ ၂ ဦးရှေ့တွင် ရှာဖွေခြင်း ပြုနိုင်သည်။ ယင်းသို့ရှာဖွေရာတွင် တွေ့ရှိရသော သက်သေခံပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ကိရိယာတန်ဆာပလာများကို သိမ်းဆည်းပြီး ပြစ်မှုကျူးလွန်သူကို အရေးယူခြင်း ပြုရမည်။<br>၁၀၁။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုအတွက် ရှာဖွေမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီး ခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။<br>~~၁၀၂။ ဥပဒေပုဒ်မ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့အရ ကျူးလွန်သောပြစ်မှုများကို အရေးယူခြင်း နှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသော သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်ကဖြစ်စေ၊ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ထားသော သစ်တောဝန်ထမ်းက ဖြစ်စေ၊ ယင်းပြစ်မှု ကျူးလွန်ကြောင်း သိရှိသော ပုဂ္ဂိုလ် တစ်ဦးဦးကဖြစ်စေ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ နှင့်အညီ သက်ဆိုင်ရာရဲစခန်း၌ ပထမ သတင်းပေး တိုင်ကြား အမှုဖွင့်~~ရမည်။ |
| ၃၃။ | | အခန်း (၉)<br>**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း** | **အခန်း (၈)**<br>**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း** | **အခန်း (၉)**<br>**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း** |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | ၃၃ | သစ်တောဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ | ၇၁။ ဥပဒေပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သော ပြစ်မှုကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ သစ်တောဝန်ထမ်းသည် အမှုကို စစ်ဆေးတည်ဆောက်ပြီးပါကမြို့နယ်သစ်တောအရာရှိထံ လွှဲအပ်ရမည်။<br>၇၂။ ဥပဒေပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်ရန် အလို့ငှာ သစ်တောဝန်ထမ်းက ရှာဖွေရာတွင် သိမ်းဆည်းရမိသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ်အပိုင်းများတို့နှင့်စပ်လျဉ်း၍ မြို့ နယ်သစ်တောအရာရှိသည် -<br>(က)သိမ်းဆည်းခြင်းခံရသူထံ ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်ထားနိုင်သည်။<br>( ခ ) ပျက်စီးပုပ်သိုးလွယ်သော ပစ္စည်းများကို ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက် ဖြင့် ထုခွဲရောင်းချခွင့်ရှိသည်။<br>( ဂ ) ပိုင်ရှင်မပေါ်သည့် ပစ္စည်းများကို ပြည်နယ်/တိုင်းသစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိသည်။<br>၇၃။ ဥပဒေပုဒ်မ ၂၉၊ ၃၀ နှင့် ၃၁ ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်သူအား သစ်တောဦးစီးဌာန မဟုတ်သည့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူက ဖမ်းဆီးခြင်းဖြစ်လျှင် ထိုဖမ်းဆီးသူသည် ပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်အတူ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်း ပေးရမည်။<br>၇၄။ သက်ဆိုင်ရာ သစ်တောအရာရှိသည် ဥပဒေပုဒ်မ ၂၉၊ ၃၀ နှင့် ၃၁ ပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ပြီး ဥပဒေပုဒ်မ (၃၂)နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။ | ၁၀၃။ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ထားသော သစ်တောဝန်ထမ်းသည် ဥပဒေပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု ယူဆရသူအား စစ်ဆေးချက်ရယူနိုင်သည်။<br>၁၀၄။ ဥပဒေပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သော ပြစ်မှုကို အရေးယူခြင်း နှင့်စပ်လျဉ်း၍ သစ်တောဝန်ထမ်းသည် အမှုကို စစ်ဆေးတည်ဆောက်ပြီးပါက မြို့နယ်သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးထံ လွှဲအပ်ရမည်။<br>၁၀၅။ ဥပဒေပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်သူအား သစ်တောဦးစီးဌာန မဟုတ်သည့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူက ဖမ်းဆီးခြင်းဖြစ်လျှင် ထိုဖမ်းဆီးသူသည် ပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်အတူ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးသို့ လွှဲပြောင်းပေးရမည်။<br>၁၀၆။ သက်ဆိုင်ရာ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၃၄၊ ၃၅ နှင့် ၃၆ ပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ပြီး ဥပဒေပုဒ်မ (၃၇)နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။ |
| ၃၄။ | ၃၄ | အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရအဖွဲ့က အစုရှယ်ယာမတည် ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်တစ်သောင်း မှ အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -<br>(က) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသော နေရာသို့ သတ်မှတ်သည့်စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊<br>( ခ) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့် ပြုထားသောနေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊<br>( ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်ခြင်း၊ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | (ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောက်အယှက်ပေးခြင်း၊<br>(င) သဘာဝအပင် နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့် ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။ | | |
| ၃၅။ | ၃၅ | အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည် ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင် သည် -<br>(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက် မရှိဘဲ ဝင်ရောက်ခြင်း၊<br>(ခ) ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ရုပ်ရှင် သို့မဟုတ် ဗီဒီယို ရိုက်ကူးခြင်း၊<br>(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊<br>(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။ | | |
| ၃၆။ | ၃၆ | သစ်တောအရာရှိသည် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုလုပ်သူအား အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ မိန့်ချမှတ်နိုင်သည်။ | | |
| ၃၇။ | ၃၇ | အုပ်ချုပ်ရေးမှူးရုံးသည် -<br>(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ သဘာဝထိန်းသိမ်းရေးနယ်မြေမှဖြစ်စေ၊ အစိုးရက စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်မှဖြစ်စေ ထွက်ရှိသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။<br>(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| ၃၈။ | ၃၈ | အခန်း (၁၀)<br>**အယူခံခြင်း**<br>(က) သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။<br>(ခ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။<br>(ဂ) ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ | | |
| ၃၉။ | ၃၉ | အခန်း (၁၁)<br>**ပြစ်မှုနှင့် ပြစ်ဒဏ်များ**<br>မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-<br>(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊<br>(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊<br>(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေး အလို့ငှာ မွေးမြူခြင်း၊<br>(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာ ပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓါတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓါတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊<br>(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓါတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊<br>(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်းလိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊<br>(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊ | ၆၆။ ဥပဒေပုဒ်မ ၃၅၊ ၃၆ နှင့် ၃၇ တို့အရ ကျူးလွန်သော ပြစ်မှုများကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသော သစ်တောအရာရှိ သို့မဟုတ် သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ဖြစ်စေ၊ ယင်းပြစ်မှုနှင့်အညီ သက်ဆိုင်ရာရဲစခန်း၌ ပထမ သတင်းပေး တိုင်ကြားရမည်။ | **အခန်း (၁၀)**<br>**ပြစ်မှုနှင့် ပြစ်ဒဏ်များ**<br>၁၀၇။ ဥပဒေပုဒ်မ ၃၉၊ ၄၀၊ ၄၁နှင့် ၄၂ တို့အရ ကျူးလွန်သောပြစ် မှုများကို အရေးယူခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးသော သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ကဖြစ်စေ၊ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ် ထားသော သစ်တောဝန်ထမ်းကဖြစ်စေ၊ ယင်းပြစ်မှုကျူး လွန်ကြောင်းသိရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၄ နှင့်အညီ သက်ဆိုင်ရာ ရဲစခန်း၌ သတင်းပေးတိုင်ချက်ရေးဖွင့်ရမည်။ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | (ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊<br>(ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက် ဝယ်ထားရှိခြင်း။ | | |
| ၄၀။ | ၄၀ | မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -<br>(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊<br>(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊<br>(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟစနစ်ကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊<br>(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ နယ်နိမိတ်အမှတ် အသားတစ်ခုခုကို ဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသားတစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန် ပြုလုပ်ခြင်း။ | | |
| ၄၁။ | ၄၁ | မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-<br>(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့်တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်း ကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ် လုပ်ထား | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | သော ပစ္စည်းကိုဖြစ်စေ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊<br>( ခ ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်စီးခြင်း၊ ယင်းအပင်ကို ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကို ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊<br>( ဂ ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တို့အရ ထုတ်ပေးထားသော ထောက်ခံချက် မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်း။ | | |
| ၄၂။ | ၄၂ | မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် -<br>(က) ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင် တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန် ဖော်ပြခြင်း၊<br>( ခ ) ဤဥပဒေအရ ထုတ်ပေးသော ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်ကို မရိုးမဖြောင့်သော သဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။ | | |
| ၄၃။ | ၄၃ | မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနှစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။ | | |
| ၄၄။ | ၄၄ | မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။ | | |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| ၄၅။ | ၄၅ | တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -<br>(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ရမည်။<br>(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။<br>(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။<br>(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့်ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အဦ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။ | ၆၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင် ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -<br>(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေး ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။<br>(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်း ပေးရမည်။<br>(ဂ) ပြစ်မှုနှင့် သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။<br>၆၉။ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လွှဲပြောင်းပေးသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏အစိတ်အပိုင်းများကို လက်ခံရယူရမည်။<br>၇၀။ ပြည်နယ်/တိုင်းသစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးသော တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏အစိတ်အပိုင်းများကို သတ်မှတ်ချက်နှင့်အညီ ထုခွဲရောင်းချခွင့်ရှိသည်။ | |
| ၄၆။ | ၄၆ | အခန်း (၁၂)<br>**ကင်းလွတ်ခွင့်များ**<br>ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည်-<br>(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့်မသက်ဆိုင်စေရ၊<br>(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က)အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့်မသက်ဆိုင်စေရ၊<br>(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို | | အခန်း (၁၁)<br>**ကင်းလွတ်ခွင့်များ** |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | တရားဝင် ခွင့်ပြုချက်ရယူပြီး ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း နှင့်မသက်ဆိုင်စေရ။ | | |
| | | | | **အခန်း (၁၂)**<br>**သိမ်းဆည်းရမိသော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များ နှင့် အစိတ်အပိုင်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း**<br>၁၀၉။ဥပဒေပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ သစ်တောဝန်ထမ်းက ရှာဖွေရာတွင် သိမ်းဆည်းရမိသော ကာကွယ်ထားသည့် တော ရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ်အပိုင်းများတို့နှင့်စပ်လျဉ်း၍ မြို့နယ်သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် -<br>(က) သိမ်းဆည်းခြင်းခံရသူထံ ခံဝန်ချုပ်ဖြင့် ယာယီပြန်လည်ပေးအပ်ထားနိုင်သည်။<br>(ခ) ပျက်စီးပုပ်သိုးလွယ်သောပစ္စည်းများကို ခရိုင်သစ်တောအရာရှိ၏ ခွင့်ပြုချက်ဖြင့် ထုခွဲရောင်းချခွင့်ရှိသည် သို့မဟုတ် မီးရှို့ဖျက်ဆီးခွင့်ရှိသည်။<br>(ဂ) ပိုင်ရှင်မပေါ်သည့် ပစ္စည်းများကို တိုင်းဒေကြီး/ပြည်နယ်သစ်တောအရာရှိ ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခွင့်ရှိသည်။<br>၁၁၀။ သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ကျူးလွန်သည့် ပြစ်မှုများမှ သိမ်းဆည်းရမိသည့် ပိုင်ရှင်မဲ့ပစ္စည်းများကို ထုခွဲရောင်းချခွင့်ရှိသည် သို့မဟုတ် မီးရှို့ဖျက်ဆီးခွင့်ရှိသည်။<br>၁၁၀။ သည် တရားရုံးက ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လွှဲပြောင်းပေးသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ်အပိုင်းများကို လက်ခံရယူရမည်။<br>၁၁၁။ တိုင်းဒေသကြီး/ပြည်နယ်သစ်တောအရာရှိသည် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးသော တောရိုင်းတိရစ္ဆာန် နှင့် ယင်း၏အစိတ်အပိုင်းများ၊ ကာကွယ်ထားသည့် သဘာဝအပင်နှင့် ယင်း၏ အစိတ် အပိုင်းများကို သတ်မှတ် ချက်နှင့်အညီ ထုခွဲရောင်းချခွင့်ရှိသည်။<br>၁၁၂။ သစ်တောဦးစီးဌာနသည် သိမ်းဆည်းရမိသည့် တောရိုင်းတိရစ္ဆာန်များကို ထိန်း သိမ်းထားနိုင်ရန် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို တည်ထောင်ရမည်။<br>၁၁၃။ (က) တရားမဝင် ကူးသန်းရောင်းဝယ်ခြင်း သို့မဟုတ် လက်ဝယ်ထားခြင်းမှ သိမ်းဆည်းရမိသည့် တောရိုင်းတိရစ္ဆာန်များကို နည်းဥပဒေ ၁၁၂ အရ တည်ထောင်ထားသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် လုံလောက်သည့် အချိန်ကာလတစ်ခုအထိ ယာယီထိန်းသိမ်း စောင့်ရှောက်ထားပြီး စိတ်ချရသည့်အချိန်တွင် ယင်းတို့ကို ဖမ်းဆီး စုဆောင်းခဲ့သည့် နေရာ သို့မဟုတ် သင့်တော်သည့် ဂေဟစနစ် သို့မဟုတ် ကျက်စားနယ်မြေတို့တွင် ပြန် |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | လွှတ်ပေးရမည်။ ပြန်လည်မလွှတ်မီ ကျန်းမာရေးအခြေအနေနှင့် မျိုးရိုးဗီဇ အခြေအနေများကို စစ်ဆေးခြင်း၊ ပြန်လည်လွှတ်မည့် နေရာရှိ မျိုးစိတ်တူ တောရိုင်းတိရစ္ဆာန်များ၏ ဦးရေအခြေအနေနှင့် ပျံ့နှံ့မှုများကို ဆန်းစစ်ခြင်းနှင့် လွှတ်ပြီးနောက် ရေရှည် စောင့်ကြည့်ခြင်းများကို ဆောင်ရွက်ရမည်။<br>၁၁၄။ (ခ) တည်ထောင်ထားသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများမရှိပါက တရားမဝင် ကူးသန်းရောင်းဝယ်ခြင်း သို့မဟုတ် လက်ဝယ်ထားခြင်းမှ သိမ်းဆည်းရမိသည့် တောရိုင်းတိရစ္ဆာန်များကို ညင်သာသော နည်းစနစ်များ ကို အသုံးပြု၍ သုတ်သင် ဖယ်ရှားရမည်။<br>~~၁၁၅။ ရှမ်းပြည်နယ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်~~ ~~တည်ဆောက်ထားသည့် လိပ် နှင့် အခြားဖမ်းဆီးသိမ်းဆည်းရမိသည့် တိရစ္ဆာန်များ ထိန်းသိမ်းရေးစခန်းအား ဤနည်းဥပဒေအရ တည်ထောင်ထားသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းဟု မှတ်ယူရမည်။~~<br>၁၁၆။ ကွန်ဗင်းရှင်းအရ ကူးသန်းရောင်းဝယ်ရာတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန် နှင့် အပင်မျိုးစိတ်များကို ကူးသန်းရောင်းဝယ်ရာတွင် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိပါက ယင်းတိရစ္ဆာန် နှင့် အပင်မျိုးစိတ်များကို သိမ်း ဆည်းနိုင်သည်။<br>၁၁၇။ ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်သည် နည်းဥပဒေ ၁၁၆ အရ သိမ်းဆည်းသည့် မျိုးစိတ်များအပေါ်<br>(က) သင့်လျော်သည့် နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်သည်၊<br>(ခ) မျိုးစိတ်များတင်ပို့သည့် နိုင်ငံမှ ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရ ပုဂ္ဂိုလ်နှင့် ဆွေးနွေးညှိနှိုင်း၍ ၎င်းနိုင်ငံ၏ ကျခံမှုဖြင့် ပြန်လည်ပေးပို့နိုင်သည်၊<br>(ဂ) သိပ္ပံပညာရပ် တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ကွန်ဗင်းရှင်း အတွင်းရေးမှူးရုံး၏ အကြံပြုချက်ကို ရယူ၍ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း သို့မဟုတ် အခြားသင့်တော်သည့်နေရာတွင် ထိန်းသိမ်းထားနိုင်သည်။ |
| ၄၇။ | ၄၇ | အခန်း (၁၃)<br>**အထွေထွေ**<br>The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)အရ ကြေညာထားသည့် သဘာဝနယ်မြေများကို ဤဥပဒေအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖြစ်သည်ဟု မှတ်ယူရမည်။ | **အခန်း (၉)**<br>**အထွေထွေ** | **အခန်း (၁၃)**<br>**အထွေထွေ**<br>~~၁၁၈။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ဥပဒေပုဒ်မ (၄၅) နှင့်အညီ ပြစ်ဒဏ်ချမှတ်ရမည့် အပြင် -~~<br>~~(က) အောက်ဖော်ပြပါ အရေးယူမှုများကို ထပ်တိုးချမှတ်နိုင်သည် -~~<br>~~(၁) ကုမ္ပဏီဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းစေခြင်း၊~~<br>~~(၂) ရောင်းဝယ်ခဲ့သော မျိုးစိတ်နမူနာများနှင့် ဈေးကွက်တန်ဖိုးတူညီသည့် ပိုင်ဆိုင်မှုများကို သိမ်းယူခြင်း၊~~<br>~~(၃) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်း၊~~<br>~~(ခ) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေး~~ |

DRAFT

| စဉ် | ပုဒ်မ | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈) | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေများ (၂၀၀၂) | ဇီဝမျိုးစုံမျိုးကွဲ နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၈) |
|---|---|---|---|---|
| | | | | ~~အပ်သည့် သစ်တောဝန်ထမ်းမှ လျော်ကြေးချက်အရ ပြစ်မှုထင်ရှားစီရင်ခံရသူ၏ ပိုင်ဆိုင်မှုများကို တားမြစ်မိန့် ထုတ်ဆင့်ခြင်းပြုနိုင်သည်။~~ ၁၁၈။ သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှုတန်ဖိုးသည် ပြစ်မှု အတွက် သတ်မှတ်သည့် ငွေဒဏ်မှ ဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (က)အရ လျော်ကြေးပေးရန် လုံလောက်မှုမရှိလျှင် သစ်တောဦးစီးဌာနသည် တရားမ ကျင့်ထုံးနှင့်အညီ ပြစ်မှု ကျူးလွန်သူအပေါ် တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။ |
| ၄၈။ | ၄၈ | ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။ | | |
| ၄၉။ | ၄၉ | မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများကို ပေးရမည်။ | | |
| ၅၀။ | ၅၀ | ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရှိသောငွေများကို မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။ | ၇၅။ ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများ၊ ဒဏ်ကြေးများကို မြေခွန် မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ ကောက်ခံနိုင်ရန် ခရိုင် သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ | ၁၁၉။ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသော အခကြေးငွေများ၊ ဒဏ်ကြေးများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့အရ ကောက်ခံနိုင်ရန် ခရိုင်သစ်တောအရာရှိသည် တည်ဆဲ ဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိသည်။ |
| ၅၁။ | ၅၁ | ဤဥပဒေအရ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ နှင့် လုပ်ထုံးလုပ်နည်းများ မထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄)အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကြူလာများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။ | | |
| ၅၂။ | ၅၂ | ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-<br>(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။<br>( ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ | | |
| ၅၃။ | ၅၃ | တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ | ၇၆။ The Wild Life Protection Act 1936 အရ ထုတ်ပြန်ထားသည့် ၁၉၄၁ ခုနှစ် မြန်မာနိုင်ငံတော် သားငှက်တိရစ္ဆာန်ကာကွယ်ရေး နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။ | ၁၂၀။ တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ ကာကွယ်ရေး နှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ နည်းဥပဒေများ (၂၀၀၂) ကို ဤနည်းဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ |

DRAFT

DRAFT